ခေတ်စနစ်၏အလွဲများကို ဝေဖန်ကျီစယ် သရော်ထောက်ပြထားသော

# ကြက်ဆူပင်အောက်က စောင့်နေမယ်

နှင့်

# ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်

အပါအဝင်

## ပြည်သူ့ဆန္ဒဆောင်းပါးပေါင်းချုပ်

**အရမ်းသန်းညွန့်**



# ကြက်ဆူပင်အောက်ကခေါင့်နေမယ်
# နှင့်
# ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်

အရှမ်းသန်းညွန့်

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း - The People's Will News Media
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၃၊ စက်တင်ဘာလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀၀ ကျပ်
ထုတ်ဝေသူ - သင်းစာပေ
ဒေါ်သင်းသင်းမွန် (မြ-၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်၊ လှည်းတန်း၊ ရန်ကုန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ရွှေပြည်ဟိန်းပုံနှိပ်တိုက်
ဦးထင်အောင်ကျော်
အတွင်းဖလင် - ထက်အာကာကျော်
ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

*အရှမ်းသန်းညွှန့်*
*ကြက်ဆူပင်အောက်ကစောင့်နေမယ် နှင့်*
*ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်*
*ရန်ကုန်၊*
*သင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၃*
*စာ-၁၁၄၊ ၁၃.၅ x ၂၁ စင်တီမီတာ*
*ကြက်ဆူပင်အောက်ကစောင့်နေမယ် နှင့်*
*ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်/ အရှမ်းသန်းညွှန့်*

# မာတိကာ


- ◆ အရှမ်းဆရာသို့ သရမ်းစာ
- ◆ ကြမ်းပေခဲ့ မရှမ်းတဲ့ အရှမ်းသန်းညွန့်၏ တွေ့လုံး ငွေ့လုံးများ

၁။ ကြက်ဆူပင်အောက်က စောင့်နေမယ် ၁၁

၂။ ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်မှတ် ၁၉

၃။ ကက်ဘိနက် ကွန်ပျူတာနဲ့ ဒီမိုကရေစီ ၂၅

၄။ အပြောကတော့ ရွှေမန်း ၃၁

၅။ ကျွဲပြိုစီးသူများ ၃၉

၆။ ရွှဲကုန်သည် ပေါက်ဖော်ကြီး ၄၇

၇။ ဆိုက်ကားသမားနဲ့ ဒီမိုကရေစီ ၅၅

၈။ သူခိုးသေ မငိုဝံ့ ၆၅

၉။ တော်လောက်ပါပြီ မင်းနေပြည် ၆၉

၁၀။ ဒဏ္ဍာရီထဲက ယက်တော ၇၅

၁၁။ ရောသမမွှေ ဆင်းကတ် ၈၁

၁၂။ ခရိုနီမိတ်ဆက် ၈၇

၁၃။ ဘုရင်ကြီးနှင့် မြင်းကြီးသေသော် ဝန်ကြီးပျော်၏ ၉၃

၁၄။ လွှတ်တော်မှာ ချွတ်ချော်တာလေးတွေ (၁) ၁၀၁

၁၅။ ရှက်ကြောပြတ် အပူပြီးတဲ့ လူကြီးဖြစ်ချင်သော အမတ် ၁၀၇

## အရမ်းဆရာသို့ သရမ်းစာ

မောင်မှန်

မောင်မှန်ကို ယုံယုံကြည်ကြည်နဲ့ အမှာစာရေးခိုင်းတဲ့သူ ရှိသေးလို့အံ့ဩရပါတယ်။ ရေးဆိုတော့လည်း ရေးရတာပေါ့လေ၊ အရမ်းဆရာနဲ့ မောင်မှန်နဲ့ ကစာချင်းရင်းပေမယ့် လူချင်းမရင်းပါဘူး၊ ကိုနေမျိုးအေး မိတ်ဆက်ပေးလို့ တစ်ကြိမ်သာတွေ့ဖူးပါတယ်၊ ဒါတွေကအရေးမကြီးပါဘူး၊ စာတွေက အရေးကြီးပါတယ်။

စာအုပ်အမည်က "ကြက်ဆူပင်အောက်က စောင့်နေမယ်နဲ့ ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်မှတ်"တဲ့၊ (ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတော်သေး၊) ရေးသူက အရမ်းသန်းညွန့်နဲ့တဲ့၊ ကလောင်အမည်က စားတယ်။ စာရေးဆရာမှူးသပြေ (ဗိုလ်မှူးကြီး သန်းညွန့်)ကို ကွယ်ရာမှာ ခေါ်ကြတဲ့ နာမည်ပြောင်ကလည်း အရမ်းသန်းညွန့်ပါပဲ၊ လူကြီးတွေပြောတာ မောင်မှန် မှတ်သားဖူးပါတယ်။ ဘာတွေရမ်းတယ်တော့ မသိ ပါဘူး။

အခုအရမ်းဆရာရဲ့ စာတွေကအရမ်း ဆိုပေမယ့်၊လို့ မရမ်းလှပါဘူး၊"တစ်ဟောင်ထဲဟောင်နေတဲ့ဆရာကီး၊ အခုတော့ မဟောင်နိုင်တော့ဘဲ ယူကျုံးမရ အဒူဆုံးဘဝ ရောက်ပြီး . . " ဘာညာသာရကာ

ဆိုတာလောက်တော့ ရှိတာပေါ့နော်၊ (ဒါမောင်မှန်ထင်မြင်ချက်ပါ၊ လွဲကောင်းလွဲနိုင်ပါတယ်၊ အကဲဖြတ်တာ မဟုတ်ပါဘူး) ဒါပေမဲ့ မောင်မှန်နားလည်နိုင်ပါတယ်။ ကျောပြင်မှာဗျော တင်ခံထားရသူချင်းမို့ အများကြီးနားလည်နိုင်ပါသည်။ ရယ်မောပေါ့ ပါးနိုင်သူများကတော့ ဘယ်နားလည်နိုင်မှာတုန်း၊ လူတစ်ချို့ကလည်း အဆိုးမြင်တွေ ကဲတယ်လို့ဝေဖန်ကြလိမ့်ဦးမယ်၊ အဲဒီလူတွေကို မြင်စရာအကောင်းလေးများရှိရင် အရမ်းဆရာတို့ မောင်မှန်တို့ကို လက်တို့ပါဦး လို့ ပြန်ပြောလိုက်ချင်ပါတယ်၊

ဒါပေမဲ့ ထည်ထည်လေးဖြစ်သွားအောင် ကြီးကြီးကျယ်ကျယ် ကိုးကားလိုက်ရပါဦးမယ်၊ ကမ္ဘာကျော်ကဗျာဆရာကြီးဗား တော့ဗရက်က ရေးဖူးတယ်။

*" တကယ်တော့ ငါ့ခေတ်ဟာအမှောင်ခေတ်ကြီးပါ*

*ရှိုးရိုးမှန်မှန် ပြောလို့မဖြစ်ဘူး၊ မျက်မှောင်မကြုတ်တဲ့*

*လူဟာ ခေတ်ရဲ့ ဒုက္ခတွေကို မခံစားတတ်လို့ပဲ "* တဲ့၊

ဒီစာတွေကိုဖတ်တဲ့အခါ မျက်မှောင်ကြုတ်ရင်း နာနာကျင်ကျင်နဲ့ရယ် (ရီ) လိုက်တဲ့အရမ်းဆရာရဲ့ နာရီသံကို ၊မိတ်ဆွေတို့ ကြားရပါလိမ့်မယ်။

တကယ်တော့ ခွက်ထဲမှာ ရေတစ်ဝက်လျော့နေတာမဟုတ်သလို ရေတစ်ဝက် ပြည့်နေတာလည်းမဟုတ်ပါဘူး၊ ခွက်ထဲမှာ ရေတစ်ဝက်ပဲ ရှိနေတာ၊ အဲဒါကို အရမ်းဆရာမြင်အောင်ကြည့်ခဲ့တယ်လို မောင်မှန်တပ် အပ်သချာ ပြောလိုက်ပါတယ်။

ရေခဲမုန့်ပေါ်မှာ ငရုပ်ကောင်းတွေ၊ ငရုပ်သီးမှုန့်တွေဖြန်း ပြီးစားတယ်ဆိုတာကတော့ ဒီမိုကရက်တစ်ပဒေသရာဇ် သမ္မတနိုင်ငံတော်ရဲ့ ဖက်ရှင်တစ်ခုပါ အရမ်းဆရာ။

ချစ်ကြည်စွာဖြင့်

မောင်မှန်

## ကြမ်းပေခဲ့ မရမ်းတဲ့ အရမ်းသန်းညွန့်၏ ထွေလုံး ငေါ့လုံးများ

စာရေးဆရာ အရမ်းသန်းညွန့်၏ (ကြက်ဆူပင်အောက်ကစောင့်နေမယ်နှင့် ပလ္လင်ကြီးရှိရင်ဘုရင်ကြီးရှိတယ်အပါအဝင် ပြည်သူ့ဆန္ဒဆောင်းပါးခေါင်းချုပ်) စာအုပ်မှာ အမှာစာရေးပေးပါလို့ ကျွန်တော့်ကို မေတ္တာရပ်ခံလာသည့်အခါ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာဖြင့် ကျွန်တော်ရေးပေးချင်ပါသည်။ သို့သော် ကျွန်တော်ရေးရမှာ လက်တွန့်နေပါသည်။ ရေးပေးချင်တာက ဆောင်းပါးရေးသူ ဆရာ အရမ်းသန်းညွန့်၏ ဆောင်းပါးတွေကိုဖတ်ပြီး ကြိုက်လို့ရေးချင်တာဖြစ်သည်။ လက်တွန့်နေတာက ပြည်သူ့ဆန္ဒဂျာနယ်မှာအပတ်စဉ် ဖော်ပြခဲ့သည်။ ဆရာအရမ်းသန်းညွန့်၏ စာတွေကို ၊ ပြည်သူ့ဆန္ဒဂျာနယ် မှာဆရာ့လိုပင် အပတ်စဉ် ပင်တိုင်ဆောင်းပါးရှင်ဖြစ်နေသည့် ကျွန်တော် အဏ္ဏဝါစိုးမိုးက ဝေဖန်၊ ထောက်ခံ၊ သုံးသပ်တာဟာ သင့်တော်ပါ့ မလားလို့ တွေးမိပြီးလက်တွန့်နေတာဖြစ်သည်။ နောက်တစ်ခုကလည်း ဆရာအရမ်းသန်းညွန့်၏ ဆောင်းပါးတွေရဲ့ ကောင်းချက်တွေကို ပြည့်စုံအောင် ဖော်ပြနိုင်သည့် အမှာစာမျိုးကို ကျွန်တော်ရေးနိုင်ပါ့မ လားဆိုသည့် စိုးရိမ်စိတ်ကြောင့် လက်တွန့်နေတာဖြစ်သည်။

ကျွန်တော်သည် ပြည်သူ့ဆန္ဒဂျာနယ် အတွဲ (၁) အမှတ် (၁) မှာပါခဲ့သည့် အရမ်းသန်းညွန့်၏ (ဒေါက်တာဆိပ်ဖွား တစ်နပ်စားတို့ ပုံမှန်မီးပျက် ဖိုက်တာဂျက်ဖြင့်) ဆောင်းပါးက စတင်ပြီး ဖတ်ခဲ့သည်။ ယနေ့အထိကျွန်တော့်လက်ဝယ်ရှိ အတွဲ(၁) အမှတ်(၂၆) မှာပါသည့် (အာဇာနည်နေ့ စတေးရှောင်သူများသို့ အမှတ်တရ) ဆောင်းပါးအထိ တစ်ပုဒ်မကျန်ဖတ်ပြီးဖြစ်သည်။ ဖတ်သည့် ဆောင်းပါးတိုင်းကို ကြိုက်သည်။ အတော်ရေးတတ်တဲ့ ပုဂ္ဂိုလ်ပဲလို့ ချီးကျူးမိသည်။ ပြည်သူ့ဆန္ဒဂျာနယ်မှာ ကျွန်တော့် ဆောင်းပါးတစ်ပုဒ်အပတ်စဉ်ပါသည်။ ကျွန်တော့် ဆောင်းပါးမှာ ကျွန်တော်ဘာတွေရေးထားတယ်ဆိုတာ သိသည့်အတွက် ကျွန်တော်ပြန်ဖတ်စရာမလိုတော့ပါ၊ ပြည်သူ့ဆန္ဒဂျာနယ် လက်ဝယ်ရောက်လာလျှင် အရမ်းသန်းညွန့်၏ ဆောင်းပါးကို အရင်လှန်ရှာဖတ်သည်။ ဖတ်တိုင်းလည်းကြိုက်သည်။ ဖတ်ကြည့်လျှင် ဟတ်ထိသွားသည် ချည်းဖြစ်သည်။ ပြည်သူ့ဆန္ဒဂျာနယ် စာမျက်နှာပေါ်က အရမ်းသန်းညွန့်၏ စာတွေသည် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်မျိုးစုံတို့ရဲ့ စာမျက်နှာတွေပေါ်က ဆရာအီကြာကွေးကိုလိုက်ရှာသည်။ တွေ့လျှင်ဆရာအီကြာကွေး၏ ဝတ္ထုကို အရင်ဖတ်သည်။ ဖတ်ပြီးလျှင် ကြိုက်သွားတော့သည်။ ဆရာအရမ်းသန်းညွန့်၏ စာတွေကလည်း ဆရာအီကြာကွေး၏စာတွေလိုပင် ရှာဖွေစောင့်ဖတ်ရသည့် စာတွေဖြစ်နေသည်။

ကလောင်ရှင် ဆရာအရမ်းသန်းညွန့်သည် မြန်မာစာအရေးကောင်းသူဖြစ်သည်။ စာရေးဆရာအမည်ခံပြီး စာရေးနေသူ တိုင်းသည် စာရေးကောင်းသူများမဟုတ်ပါ၊ မြန်မာစာသည် တည်ငြိမ်မှုမရှိသေးသည့်အတွက် သတိမထားဘဲ ရေးလျှင် ချာလပတ်ရမ်းနေတတ်သည်။ ဘာကိုပြောချင်မှန်းမသိဖြစ်နိုင်သည်။အဓိပ္ပာယ် နှစ်မျိုးထွက်သည့်အရေး

အသားမျိုး ဖြစ်နိုင်သည်။ မြန်မာစာကို ရှင်းအောင်ချောအောင်ရေး တတ်ဖို့အရေးကြီးသည်။ ဆရာအရမ်းသန်းညွန့်သည် မြန်မာစာကို ချောအောင်၊ ရှင်းအောင်ရေးတတ်သည့် စာရေးဆရာဖြစ်သည်။

မြန်မာစာကို ရှင်းအောင်ချောအောင်ရေးတတ်ရုံဖြင့်တော့ စာရေးဆရာ တစ်ယောက်ကို ချီးကျူးရန်မလိုပါ။ ဆရာအရမ်း သန်းညွန့် မှာအားသာချက်တွေရှိသည်။ ဆရာအရမ်းသန်းညွန့်သည် မြန်မာ့နိုင်ငံ ရေးဇာတ်ခုံပေါ်က ဇာတ်လမ်းနှင့် ဇာတ်ကောင်တွေအကြောင်းကိုအ တော်နှံ့နှံ့စပ်စပ်သိထားသည့် အားသာချက်ဖြစ်သည်။ မြန်မာ့နိုင်ငံ ရေးဇာတ်ခုံ၏အခင်းအကျင်းကို ဂရုတစိုက်ကြည့်မြင်ပြီး သိရှိထား သူဖြစ် သည်။ နေပြည်တော်၊ နေပြည်တော်က ရပ်ကွက်တို့၏ နာမည်တွေ နှင့်လွှတ်တော်ထဲက ရာဇပလ္လင်ကြီးတို့ကို ကျွန်တော်သတိမထားမိဘဲ အေးအေး ပေါ့ပေါ့နေခဲ့မိသည်။ ဆရာအရမ်းသန်းညွန့်၏ (ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်မှတ်) ဆောင်းပါးကို ဖတ်မိတော့မှ ကျေးတော်မျိုး၊ ကျွန်တော်မျိုး ကျွန်ုပ်အဏ္ဏဝါစိုးမိုးသည် ခြေဖဝါးတော်မြတ်အောက်မှာ ပဲရှိပါသေးလားဆိုတာကို သတိထားမိသွားပါသည်။

ဆရာ အရမ်းသန်းညွန့်သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်က ဇာတ်ကောင်တွေ၏ ပါဝင်ကပြနေကြသည့် ဇာတ်ဝင်ခန်းတွေနှင့် ဇာတ် ကောင်စရိုက်တွေကိုအတွင်းကျကျသိထားသည်။ နောက်ပိုင်းဇာတ်ကြီးက နေကြသည့် လွှတ်တော်ထဲက ဝန်မင်းတွေနှင့် အမတ်မင်းတွေ၏ နေ့စဉ် ဘဝတွေကို ပါသိနေသည်။ ဇာတ်ဝင်ခန်းတွေမှာ ဇာတ်ကောင်တွေအ တွက် သုံးနှုန်းသည့် ဝေါဟာရတွေကိုလည်း ဆိုင်ရာဆိုင်ရာ နေရာတွေမှာ အစပ်တည့်အောင်သုံးတတ်သူဖြစ်သည်။ (ဘဝသေ မင်းတရားကြီး)ဆို တဲ့ အသုံးအနှုန်းမျိုးဖြစ်သည်။ တွေးလည်း တွေးတတ်ပေသည်။ စကား

လုံးတွေလည်း ရတတ်ပေသည်လို့ ချီးကျူးမိပါသည်။ ဆရာအရမ်း သန်းညွန့်၏ ဆောင်းပါးတွေထဲကစာမြည်း တွေကိုထုတ်နုတ် မဖော်ပြတော့ပါ။ စာဖတ်သူစိတ်ကြိုက် အရသာရှိရှိဖတ်နိုင်အောင် စာအုပ်ပေါ်ကစာမျက်နှာပေါ်မှာ ဖတ်ပါလို့ဆန္ဒပြုလိုက်ရပါသည်။

ဆောင်းပါးရှင်အရမ်းသန်းညွန့်ဆိုတာဘယ်သူလဲ၊ ကျွန်တော်အတော်စိတ်ဝင်စားခဲ့သည်။ တော်လှန်ရေးကောင်စီ ခေတ်က စစ်တပ်အရာရှိကြီးတွေထဲမှာ နာမည်၏ ရှေ့က နာမဝိသေသနထည့်ပြီး အခေါ်ခံရသည့် အရာရှိကြီးတွေရှိသည်။ သူရစောဖြူ အရမ်းသန်းညွန့်၊ ဘဲလ်အဲယား. . . .။ ရာတန် . . . . စသည်ဖြင့် အခေါ်ခံခဲ့ရသည့် အရာရှိကြီးတွေဖြစ်သည်။ သူတို့လုပ်ခဲ့တာတွေနှင့် သူတို့ဖြစ်ပျက်ခဲ့သည် အကြောင်းတွေကိုအစွဲပြုပြီး နာမဝိသေသန တပ်ခေါ်ခဲ့ကြတာဖြစ်သည်။ ဗိုလ်မှူးကြီးသန်းညွန့်ကတော့ရမ်းလို့ အရမ်းသန်းညွန့်လို့ခေါ်တာဖြစ်သည်။

ဤစာအုပ်ကိုရေးသည့်စာရေးဆရာအရမ်း သန်းညွန့်ဆိုတာ တော်လှန်ရေးကောင်စီခေတ်က အလွန်ရမ်းသည်လို့ နာမည်ကြီးသည့် ဗိုလ်မှူးကြီး သန်းညွန့်လား၊ မဖြစ်နိုင်၊ ဗိုလ်မှူးကြီးဟောင်းဦးသန်းညွန့် ကွယ်လွန်ပြီးဟုသိရသည်။ စာရေးဆရာအရမ်းသန်းညွန့်သည် စာရေးကြမ်းပေခဲ့ ရမ်းသန်းမှန်းဆရေးသူမဟုတ်ပါ၊ တိတိကျကျ သူသိထားသမျှတွေကို ရဲရဲဝံ့ဝံ့ရေးသားနေသူဖြစ်သည်။ ဒါဆိုလျှင် အရမ်းသန်းညွန့်ဆိုတာ ဘယ်သူလဲ၊ ပြည်သူ့ဆန္ဒဂျာနယ်က အယ်ဒီတာတွေသိနိုင်သည်။ သိသော်လည်း အယ်ဒီတာချုပ် ဆရာရေနံ့သာခင်မောင်ထွေးသည်ပင် ထုတ်ဖော်ပြောနိုင်ခွင့်မရှိသော စာနယ်ဇင်း ကျင့်

ဝတ် စည်းကမ်းရှိသည်။ အရမ်းသန်းညွှန့်ဆိုတာ စာအုပ်ကို မပိတ်နိုင်ဘဲ နောက်တစ်ပုဒ်ဆက်ဖတ်ချင်အောင် စာရေးကောင်းသူဖြစ် သည်လို့ ပြောနိုင်ပါသည်။

**အဏ္ဏဝါစိုးမိုး**

# ကြက်ဆူပင်အောက်က စောင့်နေမယ်



ကြက်ဆူပင် ၅၀၀ လောက်
စုပေါင်း စိုက်ပျိုးပွဲကို
ကားအစီး ၅၀ နဲ့ လာကြည့်ပြီး
အားပေးစကား ပြောကြားခဲ့တဲ့
သူငယ်ချင်းတို့လို တပ်မတော် အရာရှိကြီးတွေဟာ
အဲဒီ ကြက်ဆူပင် မင်းမူတဲ့ခေတ်မှာတော့
TV Star တွေပါပဲ။

# ကြက်ဆူပင်အောက်က စောင့်နေမယ်

သူငယ်ချင်းရေ ...

မင်းက နိုင်ငံသားကောင်း ပြည်သူ့တပ်မတော်သားကြီး ဆိုတော့ နိုင်ငံတော်က ပေးအပ်တဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ဖို့ တို့နိုင်ငံရဲ့ အုပ်ချုပ်ရေးပိုင်းတစ်နေရာရာမှာ ရောက်ရှိနေမှာပေါ့နော်။ ငါတို့မှာတော့ မင်း ပြန်လာလိမ့်နိုးနဲ့ မင်းလာတတ်မယ့် လမ်းတွေဆီ မှန်းမျှော်ကြည့်ရတာလည်း အမောပါပဲ။ တို့ တောသူတောင်သား သူငယ်ချင်းတွေအားလုံး မင်းကို အထင်ကြီးလေးစား အားကျတဲ့ စိတ်တွေနဲ့ မင်းခိုင်းခဲ့သမျှ ယုံယုံကြည်ကြည်နဲ့ပျော်ပျော်ကြီး လုပ်ဆောင်ခဲ့ကြတယ်လေ။

ကံကြမ္မာတစ်ကွေ့မှာ ကျောင်းနေဘက် သူငယ်ချင်းက တပ်မတော်အရာရှိကြီးဘဝနဲ့ ကိုယ့်ဒေသကိုခေတ္တတာဝန်ထမ်းဆောင်ဖို့ ပြန်ရောက်လာတော့မင်းအတွက် ဂုဏ်ယူပြီးကြွားတဲ့အထဲမှာ ငါက ရှေ့ဆုံးကပဲ သူငယ်ချင်း။ ကိုယ့်သူငယ်ချင်းက တပ်မတော် ဒေသတာဝန်ခံဖြစ်နေတော့ သူငယ်ချင်း ဖြစ်ချင်တာတွေကို ရွာကလူတွေကို စည်းရုံးပြီး သူငယ်

ချင်း မျက်နှာပန်းလှဖို့ ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့တာ သူငယ်ချင်း မမေ့လောက်ပါဘူးနော်။

အခုတော့ သူငယ်ချင်းက လွှတ်တော်ထဲ ရောက်သွားတယ်ဆိုလား၊ ဝန်ကြီးဖြစ်တယ် ဆိုလား သတင်းသဲ့သဲ့ ကြားရပါတယ်။ သူငယ်ချင်းတို့ကတော့ ရာထူးတက်သွားတာ မြန်လိုက်တာနော်။

သူငယ်ချင်း လုပ်ငန်းကိုင်ငန်းတွေ ဝိုင်းဝန်းပြီ သူငယ်ချင်း ခိုင်းသမျှ လုပ်ပေးခဲ့တဲ့ ကိုယ့်မှာသာ ရပ်ထဲရွာထဲမှာ မျက်နှာပန်းမလှ ဖြစ်ခဲ့ရပြီး အခုတော့ ရွာပြင်က ကြက်ဆူတောထဲမှာ ထွက်ပြီး နေရတဲ့အထိပါပဲ။ တစ်ရွာလုံးက ဝိုင်းပြီး ပြစ်တင် ကြိမ်းမောင်းလို့ မျက်နှာတွေပူ၊ စိတ်ဓာတ်တွေကျပြီး ပြေးစရာလည်း မြေမရှိတဲ့ ကိုယ့်အဖြစ်ကို သူငယ်ချင်းလာကြည့်စေချင်တယ်ကွာ။

တို့ရွာက လူတွေဟာ စားစရာတောင် အနိုင်နိုင် မရှိတဲ့ ဘဝမှာ သူငယ်ချင်းရဲ့ အထက်က လူကြီးတွေ ခိုင်းလို့ဆိုပြီး တစ်ရွာလုံးကို စီမံချက်နဲ့ ကြက်ဆူပင်တွေ စိုက်ခိုင်းတာ သူငယ်ချင်း မှတ်မိသေးရဲ့လား။ မရှိရှိတာ ရောင်းချပြီး တစ်ရွာလုံး ကြက်ဆူပင် စိုက်ခဲ့ရတယ်။ ကြက်ဆူပင်မစိုက်တဲ့သူကို အာဏာဖီဆန်မှုနဲ့ အဖမ်းခံရတယ်။ မြေလွတ်မြေရိုင်းရှိလို့ ကြက်ဆူပင် မစိုက်ရင်တော့ အဲဒီကျေးရွာသူကြီး နာပြီသာမှတ်ပေရော့။

တို့ တစ်ရွာတည်း ကြက်ဆူပင်ရောဂါ ရခဲ့ကြတာ မဟုတ်ဘူး။ တစ်နိုင်ငံလုံး TV မှာ မမြင်ချင်မှအဆုံးပဲ။ ကြက်ဆူပင် ၅၀၀ လောက်စုပေါင်း စိုက်ပျိုးပွဲကို ကားအစီး ၅၀ နဲ့ လာကြည့်ပြီး အားပေးစကားပြောကြားခဲ့တဲ့ သူငယ်ချင်းတို့လို တပ်မတော် အရာရှိကြီးတွေဟာ အဲဒီ

ကြက်ဆူပင် မင်းမူတဲ့ခေတ်မှာတော့ TV Star တွေပါပဲ။ ကြက်ဆူပင် ၅၀၀ က ကြက်ဆူဒီဇယ် ဘယ်နှဂါလန်ထွက်ပြီး ထော်လာဂျီ ဘယ်နှစီး မောင်းနိုင်မလဲလို့ လင့်ခရှဏ ၂၀၀၆ ပေါ်မှာ အဲကွန်းဖွင့်စီးရင်း တွက်ကြည့်မိရဲ့လား မသိပါဘူး။

သူငယ်ချင်းတို့ လာကြည့်မယ်ဆိုလို့ မြို့ပေါ်က ဌာနဆိုင်ရာဝန်ထမ်း အရာရှိ ယောက်ျား၊ မိန်းမတွေလည်း ရုံးကား အစီး နှစ်ဆယ်လောက်နဲ့ ကြိုတင် လာရောက်ပြီး ကြက်ဆူပင်ဘေးမှာ ပဝါစုံချ စောင့်စားနေကြလေရဲ့။ သူငယ်ချင်း ရောက်လာတော့ ရှေ့ဆုံးက ပြေးပြီး ကြိုခဲ့တဲ့ ငါ့ကို အခုတော့ ရွာကလူတွေ သတ်မပစ်ရုံ တစ်မယ်ပါပဲ။ ငါ့ကြောင့် သူတို့ အလုပ်ပျက် ဘဝပျက် ဖြစ်ရတယ်ဆိုပြီး မားကြိမ်း ကြိမ်းနေကြလေရဲ့။

ရွာလယ်က ဘကြီးဖြိုးကတော့ ပြောသား။ သူ့အသက် ၉၀ ကျော်မှာ ကြက်ဆူဆီနဲ့ ကားမောင်းမယ်ဆိုတဲ့ အကြံ တစ်ခါမှ မရှိခဲ့ဘူး၊ ကြားလည်း မကြားဖူးဘူးတဲ့။ ကြည့်လည်း လုပ်ပါဦးကွာတဲ့။ အရင်တစ်ခါ နေကြာစိုက်တာထက် အကြောင်းဆိုးမယ်ထင်တယ်နော်၊ နေကြာစေ့ကမှ လှော်စားလို့ ရဦးမယ်တဲ့။

မင်းတို့တွေက လုပ်လိုက်ရင် ဆောင်ပုဒ်တွေ ဆိုင်းဘုတ်တွေနဲ့ ချည်ပြီး တုတ်ပြီး ရိုက်ကြတာနော်။ ဘာတဲ့ ရေရာ သေချာအောင် နေကြာစိုက်ပါ ဆိုလား ဘာလားပဲ။ ကိုယ်တွေ့ တို့ရွာသားတစ်ယောက်က ပြန်ပြောတယ်။ "သွားမလုပ်နဲ့ နွားပြုတ်သွားမယ်" တဲ့။


မင်းတို့တွေကတော့ လုပ်လိုက်ရင် တလွဲကြီးပဲနော်။ ခပ်တည်တည်နဲ့ TV ထဲမှာ ဒေါ်လှကြည် အဲ အဲ … ထော်လာဂျီကို ကြက်ဆူဆီနဲ့

အရပ်းသန်းညွှန့်

ဖွတ်ထွက်မှ တောင်ပို့မှန်း သိခဲ့တဲ့ မင်းရဲ့ သူငယ်ချင်း …

သူကြီးသား ဖိုးစိ

# ပလ္လင်ကြီးရှိရင် ဘုရင်ကြီးရှိတယ်မှတ်



အရပ်ထဲက လူတွေကတော့
အဲဒီ အတာကြီး ထိုင်ခဲ့တာတဲ့။
အတာကြီး ရှိတုန်းက
ဘုရင်ကြီးလို ခေါ်ပြောဆက်ဆံရတယ်တဲ့။
မယ်တော်ကြီး။ ကိုယ်တော်လေး။ ကိုယ်တော်ကြီးနဲ့.
မသိရင် ၃၇ မင်း အခေါ်တွေပါ ရောကုန်မယ် ဆိုပဲ။
လူတိုင်း ဒူးထောက် ခစားကြရတယ် ဆိုလား။
ကိုယ်တွေ့သမားတွေ အခုမှ ပြန်ဖွလို့ သိကြရတာ။

ဆရာကြီး မောင်ထူး ...

တပ်ထဲမှာ မောင်ရင်က ရှေ့မီနောက်မီ ကုလားထိုင်ဆိုတော့ မသိတာ ဘာမှမရှိဘူး။ အခုလည်း မောင်ရင့်အဘ သမ္မတကြီးရဲ့ ရုံးခန်းထဲက ပလ္လင်ကြီးအကြောင်း နည်းနည်းရှင်းပြပါဦး။ ဘာလျှို့ဝှက်ချက်တွေ ရှိလဲဆိုတာ။

ကမ္ဘာ့နိုင်ငံအများစုမှာ နိုင်ငံအကြီးအကဲတွေ နိုင်ငံခြားဧည့်သည်ကို လက်ခံ တွေ့ဆုံတဲ့ ခန်းမကျယ်ကြီးတွေဆိုရင် ခမ်းခမ်းနားနား ပြင်ကြဆင်ကြတာ ထုံးစံပါပဲ။ ဒါပေမဲ့ တို့သမ္မတကြီးရဲ့ ဧည့်ခန်းကတော့ နည်းနည်းထူးဆန်းတယ်။ ဂန္ထဝင် ပန်းချီကားကြီးတွေ၊ ပန်းပုရုပ်ကြီးတွေ အစား ရွှေပိန်းချ ပလ္လင်အကြီးကြီးတစ်လုံး ချထားတယ်။ အဲဒီ ပလ္လင်ကြီး ရှေ့မှာ ထိုင်ပြီး နိုင်ငံခြားသား ဧည့်သည်နဲ့ စကားလက်ခံပြောတယ်။ ပထမတော့ သမ္မတကြီးက ပလ္လင်ကြီးပေါ်ကနေ စကားပြောမယ် ထင်တာ။ လက်ခံတွေ့ဆုံပွဲ ပြီးသွားတယ်၊ သမ္မတကြီး ပလ္လင်ပေါ်မတက်တော့ တစ်ခုခုတော့ လွဲနေပြီပေါ့လေ။

မောင်ထူးရေ ...

တို့မြန်မာပြည်က ပဒေသရာဇ် နိုင်ငံ တစ်ခုအဖြစ် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တာ မဟုတ်ဘူးကွ။ နောက်ဆုံးမင်းဆက် ဆိုရင် ထူးခြားတဲ့ စွမ်းဆောင်မှု ဘာမှမရှိခဲ့ဘူး။ လက်ရှိအချိန်ထိ ဘုရင်စနစ်ကို တည်တံ့အောင် ထိန်းသိမ်းထားနိုင်ခဲ့တာလည်း မဟုတ်ဘူး။ အင်္ဂလိပ်တို့

နယ်သာလန်တို့၊ ထိုင်းတို့က အလည်လာတဲ့အခါ ဒါ ဘယ်သူထိုင်တဲ့ ခုံလဲ ဆိုရင် ဘယ်လိုလုပ်မလဲ။ တိုင်းပြည်တွေက အဏုမြူဗုံး ပိုင်ဆိုင်သလား၊ အာကာသထဲ ဒုံးပျံလွှတ်ပြီလား၊ လူတိုင်း ကားစီးနိုင်ပြီလား၊ ဒီပေတံနဲ့ပဲ တိုင်းတာပါ။ မင်းအဘကို မေးကြည့်ပါဦး။ ဘာရည်ရွယ်ချက်နဲ့ အဲဒါကြီး ချထားတာလဲ။ ပြန်ရောင်းစားဖို့လား။ ပြန်ရောင်းရင်လည်း အန်းတစ်ပစ္စည်း မဟုတ်တော့ ဈေးကောင်းမရနိုင်ဘူး။

အရပ်ထဲက လူတွေကတော့ အဲဒါ အဘကြီး ထိုင်ခဲ့တာတဲ့။ အဘကြီး ရှိတုန်းက ဘုရင်ကြီးလို ခေါ် ပြောဆက်ဆံရတယ်တဲ့။ မယ်တော်ကြီး၊ ကိုယ်တော်လေး၊ ကိုယ်တော်ကြီးနဲ့ မသိရင် ၃၇ မင်း အခေါ်တွေပါ ရောကုန်မယ် ဆိုပဲ။ လူတိုင်း ဒူးထောက် ခစားကြရတယ် ဆိုလား။ ကိုယ်တွေ့သမားတွေ အခုမှ ပြန်ဖွလို့ သိကြရတာ။ ဆရာကြီးရော သိလား … အဲဒါ ဘယ်သူ့ခုံကြီးလဲ။ ဘာရည်ရွယ်ချက်နဲ့ ထားခဲ့တာလဲ။ တော်ကြာ နိုင်ငံခြားသားတွေက ပဒေသရာဇ်တိုင်းပြည် ထင်သွားပါဦးမယ်။ အဘကြီးက သူ့ကိုယ်စား ထားခဲ့တယ် ဆိုရင်လည်း ပလ္လင်ကြီး အောက်မှာ အသံဖမ်းစက်တွေများ တပ်ထားမလား မသိဘူးနော်။

သမ္မတကြီးတော့ နေရ ထိုင်ရတာ တော်တော်ကျပ်မယ်နော်။ သူ ကြိုက်လို့ သူထားတာ ဆိုရင် ပြဿနာ မရှိဘူး။ တစ်ယောက်ယောက် အမိန့်နဲ့ လာထားတာဆိုရင်တော့ နောက်ကျောလုံမှာ မဟုတ်ဘူး။ ဒီမို ကရေစီ တိုင်းပြည်ကို တည်ထောင်နေတယ်လည်း ပြောသေး … ပဒေ သရာဇ် အငွေ့အသက်တွေ လှိုင်လှိုင်ကြီး သုံးစွဲနေတော့ တစ်မျိုးကြီး ပဲနော်။

မြို့တော်အသစ်လည်း ပြောသေး၊ နာမည်ကလည်း နေပြည်တော် ဆိုတော့ သီပေါမင်းကိုတောင် လွမ်းမိသေးတယ်။ သီပေါမင်း ဆိုလို့ အိန္ဒိယက အရိုးအိုးကို ငွေကုန်ကြေးကျခံပြီး ပြန်သယ်ဖို့ ကြံစည်နေကြ တယ်နော်။ အတိတ်နိမိတ်လည်း မကောင်းပါဘူး။ ပိုက်ဆံဖြုန်းတဲ့အလုပ် သက်သက်ပဲ။ မလုပ်ကြပါနဲ့ကွာ။

ဆရာကြီးရေ ...

တစ်ခါတလေကျတော့ ဇာတ်ထဲက သီချင်းလိုပါပဲ။ အရှေ့ကို လျှောက်ပါလို့ရယ်တဲ့မှ အနောက်ကိုတဲ့ မျှော်လိုက်ရင် ဆိုသလိုပဲ သမ္မတကြီးလည်း ဆူးကြားထဲက ဘူးသီး ဖြစ်နေလောက်ပါပြီ။ ရှေ့ကို သွားချင်တဲ့ ပြည်သူတွေနဲ့ အနောက်ပြန်ချင်တဲ့သူတွေကြားမှာ တချို့ကိစ္စတွေ ရှေ့က ဖုံး၊ နောက်က ပေါ် ဖြစ်ဖြစ်နေတယ်။ ဆရာကြီးကို မေးချင်တာက အဲဒီပလ္လင်ကြီးကို ဘယ်သူ ထားတာလဲ။ နဂိုက အဲဒါကြီးက ဘယ်သူပိုင်တာလဲ။ ကျွန်စစ်သား၊ အနော်ရထာ ရှေးဘုရင်တစ်ယောက်ယောက်ပိုင်တာလား။ ဒါမှမဟုတ် အရပ်ထဲက ပြောသလို အဘကြီးပိုင်တာလား။ အဘကြီး ပိုင်တာဆိုရင် ဘာလို့ သူ့အိမ်မှာ မထားတာလဲ။ အဲဒီညွှန်မှာ ထားခဲ့တဲ့ ရည်ရွယ်ချက်က ဘာလဲ။

သမ္မတကြီးရဲ့ အပေါ်မှာ ထိုင်ပြီး သမ္မတကြီး ဘာလုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လား၊ သူ လာမထိုင်တော့ပေမဲ့ သူ ရှိနေသလို ခံစားရအောင် လုပ်ထားတာလား။ တချို့ကျတော့ အစဉ်အလာရှိတယ်။ အဲဒီခုံကို လူရှိရှိ မရှိရှိ ဘယ်သူမှ တက်မထိုင်ရ ဆိုပြီး အသေချုပ်ထားတာ။ ဘုရင်ကြီး မရှိပေမဲ့ ပလ္လင်ကြီးက ဘုရင်ကြီးရဲ့ သင်္ကေတလား။ ဆရာကြီးတို့ တပ်ထဲမှာရော၊ တကယ့်ဘုရင်ကြီးတစ်ပါး ရှိခဲ့သလား။ ဆရာကြီး ဉာဏ်မီသလောက် ပြည်သူသိအောင် ရှင်းပြပါဦး။

ဒီမိုကရေစီ နိုင်ငံသစ်ရဲ့ အခင်းအကျင်းတွေအတိုင်း သမ္မတက အနောက်တိုင်း ဝတ်စုံ အကျအန ဝတ်ဆင်၊ ညှော်သည်နဲ့ နှစ်ယောက်ထိုင်ခုံမှာ အတူတွဲထိုင်ပြီး ကြားခံ စကားပြန် မပါဘဲ ရယ်ရယ်မောမော ညှိခံနေတာကို ဂုဏ်ယူစွာနဲ့ မြင်ချင်စမ်းလှတယ်။ အခုတော့ မြင်ရတွေ့ရတာတွေက ရေခဲမုန့်ပေါ်မှာ ငရုတ်ကောင်းနဲ့ ငရုတ်သီးမှုန့်တွေ ဖျန်းပြီး စားရသလို အစပ်အဟပ် မတည့်ပါဘူး။

ဆရာကြီးရေ ... သမ္မတကြီးကို မေးကြည့်ပါဦး။ ကိုယ့်သဘောနဲ့ကိုယ် အဲဒီပလ္လင်ကြီးကို ဖယ်ရှားရဲသလားလို့။ တစ်ယောက်ယောက်

ထားခဲ့တာ မဟုတ်ရင်တော့ ဖယ်ရှားရဲမှာပေါ့။ သမ္မတကြီး မဖယ်ရင်တော့ ၂၀၁၅ ဒီမိုကရေစီ သမ္မတ စစ်စစ်ကတော့ ဖယ်ရှားပစ်မှာကျိန်းသေပဲ။ ဒီမိုကရေစီနဲ့ ပလ္လင်ဆိုတာ ဘုန်းကြီးနဲ့ ဘီးပါပဲ။

# ကက်ဘိနက် ကွန်ပျူတာနဲ့ ဒီမိုကရေစီ



ကက်ဘိနက် အစည်းအဝေး ခန်းမကြီးထဲက
ကွန်ပျူတာတွေဟာ
ကွန်ပျူတာ မကိုင်တတ်တဲ့ ဝန်ကြီးတွေ
ဟန်ပြ ဖော်ရှိုး တင်ထားတော့ မဟုတ်နိုင်ဘူး။
ဖွင့်မရလို့၊ ပါဝါဆပ်ပလိုင်း မလာလို့ ပိတ်ထားတာပဲ ဖြစ်ရမယ်။
ဒီမိုကရေစီခေတ် ဝန်ကြီးတွေ အဲသလောက် မညံ့ဘူး။

# ကက်ဘိနက် ကွန်ပျူတာနဲ့ ဒီမိုကရေစီ

ဆရာကြီး မောင်တီး …

ပရောဂျက်အသစ်တွေနောက် လျှောက်လိုက်နေတာနဲ့ သမ္မတရုံးက M & E လုပ်ငန်းတွေ ပစ်မထားနဲ့ဦး။ ကိုယ့်လူရင်းတွေမို့ ပြောတာ။ ဆရာကြီးမောင်တီးတို့ အဖွဲ့က စားပြီး နားမလည်။

ကိုယ်တို့ တပ်တွေကို ဆောက်ပြီး စီအိုကြီးဆီက ကွန်ပလီရှင်း ဆာတဖကိတ် ကောင်းမွန်စွာ ပြီးစီးကြောင်း ထောက်ခံစာ ရပြီးရင် ဆရာကြီးတို့ မျက်နှာတွေ မမြင်ရတော့ဘူး။ အသစ်တွေကို သွားရည်ကျပြီး အဟောင်းတွေကို လှည့်မကြည့်ရင် ဆရာကြီး ဒုက္ခရောက်မယ်နော်။ အခုဟာက နိုင်ငံတော် သမ္မတရုံး အစည်းအဝေးခန်းမကြီးနော်။

ပြီးခဲ့တဲ့ ကက်ဘိနက် အစည်းအဝေးမှာ သမ္မတကြီးတို့ စည်းဝေးတုန်းက သမ္မတကြီးနဲ့ -ဒု-သမ္မတ နှစ်ယောက်ရဲ့ ကွန်ပျူတာတွေပဲ ပါဝါ ဖွင့်ထားတာ တွေ့တယ်။ ဘာအလုပ်မှ မလုပ်ဘူး။ ကျန်တဲ့ ဝန်ကြီးအားလုံးက ကွန်ပျူတာက ပိတ်ရက်ကြီး။ အစည်းအဝေးသာ ပြီးသွားတယ်။ ဝန်ကြီးတွေ အကုန်လုံး စာအုပ်တွေ၊ စာရွက်တွေနဲ့ ရေးမှတ်ပြီး အစည်းအဝေးကို ဖြစ်သလို ကျင်းပလိုက်ရတယ်။ ကွန်ပျူတာတွေ ပါဝါ ဆပ်ပလိုင်း မရလို့ဖြစ်မယ်။

ကက်ဘီနက် အစည်းအဝေး ခန်းမကြီးထဲက ကွန်ပျူတာတွေဟာ ကွန်ပျူတာ မကိုင်တတ်တဲ့ ဝန်ကြီးတွေ ဟန်ပြ ဖော်ရှိုး တင်ထားတော့ မဟုတ်နိုင်ဘူး။ ဖွင့်မရလို့၊ ပါဝါဆပ်ပလိုင်း မလာလို့ ပိတ်ထားတာပဲ ဖြစ်ရမယ်။ အဲဒါ ဆရာကြီးနဲ့ ဆိုင်တယ်။ ဒီမိုကရေစီခေတ် ဝန်ကြီးတွေ အဲသလောက် မညံ့ဘူး။

လူရှိန်အောင် တင်ထားတာဆိုရင်လည်း စားပွဲပေါ်မှာ ကျဉ်းကျဉ်း ကျပ်ကျပ်နဲ့ လုပ်ရကိုင်ရ အဆင်ပြေမှာမဟုတ်ဘူး။ ဒါပေမဲ့ အဲဒီ ရုပ်ပြ ကောင်းအောင် တင်ထားတဲ့ ကွန်ပျူတာတွေကို အကျိုးရှိအောင် အသုံး ချလို့ရတဲ့ နည်းလမ်းတွေ ရှိပါတယ်။

ကွန်ပျူတာကို အကာအကွယ် ယူပြီး သမ္မတကြီးနဲ့ မျက်လုံးချင်း မဆုံအောင် ပုန်းနေလို့ ရတယ်။ နောက်ပြီး ပိုလ်ချုပ်အောင်ဆန်းလို သူမျိုး လာပြီး ပစ်ဟယ်ခတ်ဟယ်လုပ်ရင် ကွန်ပျူတာက ကိုယ့်အတွက် ကျည်ကွယ်မျက်ကွယ်အဖြစ် သုံးလို့ရတယ်။ ကွန်ပျူတာက အသုံးဝင်ပုံ ကတော့ အများကြီးပါ။ လောလောဆယ် ကိုယ်တို့ဝန်ကြီးတွေအတွက်က တော့ ဒီလောက်ပဲ သုံးလို့ရနိုင်မယ်။

ကွန်ပျူတာတွေ မသုံးဘဲနဲ့ အစည်းအဝေး ခန်းမ စားပွဲပေါ်မှာ လူရှိန်အောင် တင်ထားတာ ဆရာကြီး လက်ချက် မဟုတ်လား။ ဘတ်ဂျက် တောင်းလို့ကောင်းအောင် ကွန်ပျူတာ အလုံး ၅၀ လောက် မသုံးဘဲနဲ့ စားပွဲပေါ် လာတင်ထားတာ။

အစည်းအဝေး ခန်းမတွေမှာ အဲဒီလို ကွန်ပျူတာတွေ အများကြီး တပ်ဆင်ထားရမယ်၊ ဒါမှ အစည်းအဝေးခန်းရဲ့ အဆင့်တန်ဆာဖြစ်မယ်၊ ဝန်ကြီးတွေ သုံးတတ်သည် ဖြစ်စေ၊ မတတ်သည် ဖြစ်စေ ဟန်ပြတင် ထားပေးရမယ် ဆိုတဲ့ ညွှန်ကြားချက်တွေအတိုင်း ဆရာကြီး လုပ်ခဲ့တာ လား။

အဲဒီ ရုပ်ပြ ကွန်ပျူတာတွေ ကြည့်ပြီး ဒီမိုကရေစီအတွက်တောင် ရင်လေးမိသေးတယ်။ မြန်မာ့ဒီမိုကရေစီကို ဟန်ပြ လုပ်ပြပြီး လူမြင်ကောင်းအောင် လုပ်ပြနေတာ ဆိုရင်တော့ သေပြီ ဆရာကြီးရေ။

လွတ်လပ် ပွင့်လင်းပြီ ဆိုပေမဲ့ ဆန္ဒပြခွင့် တင်ရင် မရ၊ လွတ်လပ်စွာ ရေးနိုင်ပြီ ဆိုပြီး ပုံနှိပ်ဥပဒေနဲ့ ဖမ်းထိန်း၊ ရာဇဝတ်မှုတွေ ထူပြောအောင် လုပ်ပြီး တရား ဥပဒေ စိုးမိုးရေးကို ကျောခိုင်း၊ အရင် ရွေးကောက်ပွဲစနစ် ကို ရှုံးမှာသေချာလို့ PR စနစ်ကို တီထွင်၊ ဘာသာရေး အဓိကရုဏ်းတွေနဲ့ ဒီမိုကရေစီ မျက်နှာကို အိုးမည်းသုတ်နေတာတွေကို ဉာဏ်မျက်စိနဲ့ အထင်းသား မြင်နေရတော့ ဒီမိုကရေစီအကြောင်း စဉ်းစားလိုက်ရင် အဲဒီ ကွန်ပျူတာတွေ မျက်စိထဲ ပြေးပြေးမြင်တယ် ဆရာကြီး။

သမ္မတကြီးနဲ့ ဝန်ကြီးတွေ ကွန်ပျူတာ သုံးချင်ပါလျက် ပါဝါမလာရင်တော့ ဆရာကြီးမှာ အပြစ်ရှိတယ်။ ကက်ဘိနက် တစ်ဖွဲ့လုံးက အစည်းအဝေးခန်းက ကွန်ပျူတာတွေကို မသုံးတတ်၊ မသုံးချင်ဘဲ လူရှိန်အောင် ရုပ်ပြတင်ထားတာဆိုရင်တော့ သူတို့ အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီမှာ ဆန်းစစ်စရာတွေ ရှိလာမယ် ဆရာကြီး။

ဘာပဲပြောပြော အခုမိနေတဲ့ ခွင်၊ ကိစ္စတွေ ခဏထားပြီး သမ္မတကြီးတို့ အစည်းအဝေးခန်းမကို သွားပြီးစစ်ဆေးကြည့်ပေးပါဦး။ ကွန်ပျူတာနဲ့ ဆက်စပ်တဲ့ မီးလိုင်းတွေကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ပါ။ ကွန်ပျူတာ ပညာရှင်တွေပါခေါ်ပြီး အဲဒီကွန်ပျူတာအလုံး ၅၀ လောက် တစ်ခုချင်း စစ်ကြည့်ပါ။ ပါဝါလည်း လာတယ်၊ ဝင်းဒိုးလည်း တက်တယ်ဆိုရင်တော့ ဆရာကြီး တာဝန်ကျေပြီ။

နောက်တစ်ကြိမ် အစည်းအဝေးမှာ ကွန်ပျူတာတွေမသုံးဘဲ စာအုပ်တွေနဲ့ ချရေးနေရင်တော့ ကက်ဘိနက် ကွန်ပျူတာနဲ့ ဒီမိုကရေစီ ဟန်ပြသက်သက်ဖြစ်ပါသည်လို့ပဲ ပြောရတော့မှာပဲ ဆရာကြီး မောင်တီးရေ။

**အရပ်သာနိုည္ဆှန့်**

သော်ဇာအောင် နလစက လျှပ်စစ်ကျွမ်းကျင် ရဲဘော်တွေ အမြန်လွှတ်ပေးပြီး စစ်ခိုင်းလိုက်ပါဦး။

သင့်ရဲဘော် ...

# အပြောကတော့ ရွှေမန်း



ဘုရားရင်ပြင်မှာပဲ လက်ယာရစ် လှည့်ရတာ မဟုတ်ဘူး။
လွှတ်တော်ဥက္ကဋ္ဌ ထိုင်ခုံကိုလည်း
လက်ယာရစ်ပဲ တက်ခွင့်ရှိတယ်။
နီးရာအပေါက်ကနေ ချက်ချင်းတက်လို့ မရဘူး။
ဥက္ကဋ္ဌရာထူး ယူထားရင်
အနည်းဆုံး အမတ်လေးရာကျော်ရှေ့မှာ
စတိုင်နဲ့ လမ်းလျှောက်တတ်ရ မယ်။

## အပြောကတော့ ရွှေမန်း

သူငယ်ချင်းရေ ...

ငါက ဒီလိုခေါ်လိုက်ရင် မင်းတို့ကတော့ နားကြောတွေ စိမ့်၊ ဆံပင်တွေ ထောင်ပြီး ဘာတွေဖွဦးမလဲ မသိဘူး ဆိုပြီး မချိပြုံးနဲ့ နားစွင့်နေကြမှာ မြင်ယောင်နေမိတယ်။ လူချင်းမတွေ့တာ ကြာပေမဲ့ မင်းတို့ကိုတော့ ခေါင်းပေါင်းစ ထည်လဲနဲ့ တီဗွီမှာ တွေ့နေရတယ်။

ငါ့ဆောင်းပါး ခေါင်းစဉ်ဖတ်ပြီး မင်းရဲ့ အဘကို ကလော်တော့မယ်လို့လည်း မထင်နဲ့ဦး။ ရပ်ကွက်ထဲမှာ အပြောကတော့ ရွှေမန်း၊ အကကတော့ ချိုမိုင်မိုင် ဆိုတဲ့ စကားပုံရယ်၊ အပြောကောင်းတယ်၊ အစားကြမ်းတယ်၊ အိမ်သာ လုတက်တယ် ဆိုတဲ့ ခေတ်ပေါ်ဗန်းစကားတွေ အများကြီး ရှိပြီးသားပါ။

အပြောသက်သက် လက်တွေ့မလုပ်ဘဲ အပြောနဲ့ပဲ အချိန်ကုန်နေသူတွေကို ပြောတာပါကွ။ သူငယ်ချင်းတို့ရဲ့ ဥက္ကဋ္ဌကြီးကို မပြောရဲပါဘူး။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကို မော်လို့တောင် မကြည့်ဝံ့ပါဘူး။ ဒုတိယ ဒေါက်တာဆိတ်ဖွား ဖြစ်သွားပါဦးမယ်။

ဝိတ်ရှည်ဗွဲသန့်၊ သည်းညည်းခံ၊ ဝေဖန်ထောက်ရှု ဆိုတဲ့ ဆိုရိုးစကားတွေအတိုင်း ဆိုရင်တော့ တိုင်းပြည်ရဲ့ အကြီးအကဲတွေဟာ သည်းခံနိုင်စွမ်း ရှိရမှာပါ။ ဆဋ္ဌမအကြိမ်လွှတ်တော် အစည်းအဝေး အပိတ်မိန့်ခွန်းမှာတော့ လွှတ်တော်ကို ဝေဖန်လို့ရတယ် ဆိုလား ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း ပြောတာ နားစွန်နားဖျား ကြားလိုက်မိတယ်။

သေသေချာချာ မသိတော့၊ ယုံလည်း မယုံရဲသေးတော့ မဝေဖန်ရဲပါဘူး သူငယ်ချင်းရာ။ ဝေဖန်တယ် ဆိုတာလည်း အမှားကို ထောက်ပြပြီး အမှန် ပြုပြင်နိုင်အောင် အကြံပေးတဲ့ သဘောပါ။ တကယ့်ကို အဝေဖန် ခံရဲလို့ကတော့ လွှတ်တော်ကို ဝေဖန်စရာတွေ အများကြီး။ လိုအပ်တာထက် ပိုကြီးပြီး တည်ဆောက်ထားတဲ့ လွှတ်တော်ခန်းမကနေ စရမယ် ထင်တယ်။ ခန်းမကို ဝေဖန်တာနဲ့တင် ဆောင်းပါး တစ်ပုဒ်ရနိုင်တယ်။

ခန်းမကျယ်တော့ အဲယားကွန်းမီတာခတွေ အများကြီး ကုန်တာပေ့ါ။ အဲယားကွန်း အကောင်ကြီးကြီး တပ်ရတော့ စရိတ်ကုန်တာပေ့ါ။ ထိုင်ခုံတွေလည်း အများကြီး တပ်ရတော့ တည်ဆောက်စရိတ်တွေ ကုန်တာပေ့ါ။ ဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်တွေ မိုက်ခရိုဖုန်း ပျက်ရင် ကုန်းအော်မှ ကြားရမှာပေ့ါ။ ရုပ်ရှင်ရုံလို နောက်ဆုံးတန်းမှာ ထိုင်ပြီး အိပ်နေလည်း ဥက္ကဋ္ဌ ရုတ်တရက် မသိတော့ဘူးပေ့ါ။

ဥက္ကဋ္ဌကြီးလည်း သူ့ထိုင်ခုံ အသွားအပြန် တော်တော်အချိန်ယူပြီး လမ်းလျှောက်ရတော့ Cat Walk လျှောက်တဲ့ လေ့ကျင့်ခန်းကို နေ့တိုင်း လုပ်နေရတာပေ့ါ။

ခန်းမကြီးက နိုင်ငံခြား အော်ပရာ ဇာတ်ရုံတွေလိုပဲ ခမ်းနားလွန်းတယ်။ ရှိတ်စပီးယားရဲ့ ပြဇာတ်တွေတောင် ဒီမှာ လာကရင် သိမ်ငယ်

သွားမယ်။ ဇာတ်ရုံကြီးနဲ့ တူတယ်ဆိုလို့ အဲဒီ ခန်းမကြီးကို နိုင်ငံရေး ထိုးဇာတ်တွေတော့ မခင်းကျင်းသင့်ဘူး။ စဆောက်တဲ့ ကန်ထရိုက်တာ မှာတော့ Plan 'B' ရှိမယ်ထင်တယ်။ လွှတ်တော်ကျင်းပလို့ အခြေအနေ မကောင်းရင် နိုင်ငံတကာ ရုပ်ရှင်ရုံဆိုပြီး ဈေးကောင်းကောင်းနဲ့ လေလံ ပစ်မိမလား မသိဘူး။

လွှတ်တော် ခန်းမရဲ့ ပြုပြင် ထိန်းသိမ်းစရိတ်ကလည်း အတော် ကုန်မယ် ထင်တယ်။ ဥက္ကဋ္ဌ ထိုင်တဲ့ခုံကတင် အနည်းလေး သိန်း ၂၀ လောက် ပေးရမယ်ထင်တယ်။ ကျွန်းသားအနှစ်တွေနဲ့ လုပ်ထားတာလို့ ထင်တယ်။ စပယ်ရှယ် လေးတယ်။ တီဗွီမှာ စောင့်ကြည့်၊ ဥက္ကဋ္ဌ သူ့ သဘောနဲ့သူ ဘယ်တော့မှ အောက်ဆင်းလို့ မရတော့ဘူး။ နောက်ကွယ် က တစ်ယောက်က လာပြီး မ,ရွှေ့ပေးမှ ဥက္ကဋ္ဌ အောက်ဆင်းလို့ရတယ်။ နောက်ကွယ်က လူမရှိရင် ဥက္ကဋ္ဌ အဲဒီခုံပေါ်မှာပဲ ညှော်စာရင်း တိုင်ရ မယ်။ ဥက္ကဋ္ဌရဲ့ နောက်မှာ အမြဲ လူတစ်ယောက် ရှိနေမယ် ဆိုတဲ့ သဘောပေါ့။

လွှတ်တော်ခန်းမကြီးထဲမှာ ဝေဖန်စရာတွေ အများကြီး။ အသံစနစ် ကလည်း အဆင်မပြေဘူး။ ကိုယ်မကြိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဆိုရင် မိုက်ခရိုဖုန်း ပိတ်ထားလို့ရတယ်။ ဆွေးနွေးချင်တဲ့ ကိုယ်စားလှယ် က မိုက်ကို လှမ်းတောင်းရတယ်။ တစ်ယောက်ယောက်က တစ်နေရာက နေ ဖွင့်ပေးမှ အဲဒီကိုယ်စားလှယ်တွေ စကားပြောခွင့်ရတယ်။

မီးပျက်သွားရင် ပြင်ပအလင်းရောင် အဝင်နည်းတော့ လွှတ်တော် က မှောင်သွားမယ်ထင်တယ်။ မျက်နှာကြက်က သိပ်မြင့်တော့ အလင်း ရောင်က အောက်ခြေထိ မရောက်နိုင်ဘူး။ အခမ်းအနား အဆင်အပြင် ကို လိုတာထက် ပိုဦးစားပေးတော့ ဥက္ကဋ္ဌတောင် ဗီဒီယိုမင်းသားကို

ကျော်တက်သွားတယ်။ တချို့ ပေါ်ချောင်ကောင်း ဗီဒီယိုကားတွေမှာ မင်းသားက ဇာတ်ကားတစ်ကားလုံး အကျီတစ်ထည်တည်းနဲ့ ပြီးအောင် ရိုက်သွားတယ်။ လုံးဝ အဝတ်လဲခန်း မပါဘူး။

ကိုဥက္ကဋ္ဌကတော့ အစည်းအဝေး တစ်ပွဲကို အနည်းဆုံး နှစ်ထည်ရှိမှ အလုပ်ဖြစ်တယ်။ ပထမပိုင်းမှာ ရန်ကုန်မြို့တော်ဝန်ဆီက ငှားထားတဲ့ ဇာတ်ထဲက ဝန်ကြီးဝတ်စုံနဲ့၊ ခေါင်းပေါင်းနဲ့ လွှတ်တော်ကို စဖွင့်ရတယ်။ လွှတ်တော် ဒုတိယပိုင်းကျတော့ တိုက်ပုံအနက်ကလေးနဲ့ အဝတ်လဲပြီး တစ်ခါပြန်စရတယ်။ အသွင်သဏ္ဍာန်ထက် အနှစ်သာရကို ပိုပြီးဦးစားပေး ချင်တယ်ကွာ။

မင်းတို့ရဲ့လွှတ်တော်က ခမ်းနားပြီး ပြည်သူအတွက် ဘာမှလုပ်မပေး နိုင်ရင်တော့ တိုင်းပြည်က မိအေး နှစ်ခါနာ ဖြစ်တော့မှာပဲ။

မင်းတို့ သိပ်မုန်းတဲ့ နေမဝင် အင်ပါယာက လွှတ်တော်ကို TV မှာ ကြည့်လိုက်တော့ အင်္ဂလိပ်တွေ တော်တော်ညံ့ပါလားလို့ ထင်မိတယ်။ အင်္ဂလန် ဝန်ကြီးချုပ်ကို မင်းတို့လွှတ်တော်ထဲ ဖိတ်ခေါ်ကြည့်ပါလား။ လာရဲမှာ မဟုတ်ဘူး။ အဝတင် ရှုံ့နှီပြီး လှည့်ပြန်သွားမှာ။ အင်္ဂလိပ်တွေ လွှတ်တော်ကို ဒီဇိုင်းလုပ်ထားတဲ့ အိုင်ဒီယာက လွှတ်တော် အမတ် အချင်းချင်း ဖိနပ်နဲ့ ပေါက်နိုင်တဲ့ အကွာအဝေးဖြစ်ရမယ်။ စိတ်မထိန်း နိုင်လို့ တံတွေးနဲ့ထွေးရင် တံတွေးစိုလောက်တဲ့ အကွာအဝေးဖြစ်ရမယ်။ ဥက္ကဋ္ဌကို မိုက်ခရိုဖုန်း မပါဘဲ ဆဲရင် ကြားရမယ်။

လွှတ်တော်အမတ် အချင်းချင်း ခုန်ပျံကျော်လွှားပြီး လက်သီးနဲ့ထိုး နိုင်တဲ့ အကွာအဝေးဖြစ်ရမယ်။ ဝန်ကြီးချုပ်တွေ လိမ်ညာပြီး ဖြေရှင်း ချက် ပေးရင် အသံနဲ့ လှောင်ပြောင်နှောင့်ယှက်လို့ရတဲ့ အနေအထား ဖြစ်အောင် လုပ်ထားတာ။ ကိုဥက္ကဋ္ဌတို့က ဒီအကွက်တွေ ကြိုမြင်တော့

လွှတ်တော်ထဲမှာ ရုန်းရင်းဆန်ခတ်မှုတွေဖြစ်ရင် ကြားထဲက အချိန်မီ ဆွဲနိုင်လွဲနိုင်အောင်လို့ နေရာချဲ့ယူထားတာ။

ဥက္ကဋ္ဌကို အမတ်တွေ မကျေနပ်ရင် ဘာမှ မလုပ်နိုင်အောင်လို့ လက်လှမ်း မမီနိုင်တဲ့ ဒီဇိုင်း လုပ်ထားတာဖြစ်မယ်။ ဘုရားရင်ပြင်မှာပဲ လက်ယာရစ် လှည့်ရတာ မဟုတ်ဘူး။ လွှတ်တော်ဥက္ကဋ္ဌ ထိုင်ခုံကိုလည်း လက်ယာရစ်ပဲ တက်ခွင့်ရှိတယ်။ နီးရာအပေါက်ကနေ ချက်ချင်းတက်လို့ မရဘူး။ ဥက္ကဋ္ဌရာထူး ယူထားရင် အနည်းဆုံး အမတ် ၄၀၀ ကျော်ရှေ့မှာ စတိုင်နဲ့ လမ်းလျှောက်တတ်ရမယ်။

ပြောစရာတွေကတော့ အများကြီးပါပဲ။ လွှတ်တော်ရဲ့ အသွင် သဏ္ဌာန်ကိုပဲ စပြောတာပါ။ အနှစ်သာရပိုင်းကို မပြောရသေးဘူး။

ရပ်ကွက်ထဲက ဦးရှင်ကြီး တင်တဲ့လူ စတိုင် ပုံစံမျိုးနဲ့ လွှတ်တော် ဝန်ထမ်းအကြောင်း။ လွှတ်တော်အမတ်တွေကို သူ ထိုင်ဆို ထိုင်၊ ထဆို ထနဲ့ ကြိုးဆွဲနေတဲ့ လွှတ်တော်ဝန်ထမ်းအကြောင်း၊ ဥက္ကဋ္ဌကြီးရဲ့ ကတ္တီပါ ဝတ်ရုံကြီးအကြောင်း၊ ခေါင်းပေါင်းတွေ ရောင်စုံဖြစ်နေတဲ့အကြောင်း၊ လွှတ်တော်ထဲမှာ ငှက်မွေးအရှည်ကြီးနဲ့ ခေါင်းမှာထိုးပြီး နောက်မှာထိုင် တဲ့သူတွေကို ရှေ့ကနေ မျက်ကွယ်ပြုနေတဲ့ တိုင်းရင်းသား အမတ် အကြောင်း၊ ကြိုက်မရှက်၊ ငိုက်မရှက် ဆိုတဲ့ စကားပုံကို Sky Net မှာ လက်တွေ့သရုပ်ပြနေတဲ့ အမတ်တွေအကြောင်းတွေကို ကွင်းခနဲ ကွက် ခနဲ မြင်အောင် တစ်တစ်ခွခွ ပြောပြချင်နေတာ။ မင်းတို့ရဲ့အဘ ဥက္ကဋ္ဌ ကြီးက အခု ခွင့်ပြုလိုက်တော့ ဒီဆောင်းပါးနဲ့ အင်ထရို တီးလိုက်တာ ပေါ့ကွာ။

နောက်ဆို မင်းဆီကို စာတွေ ခဏခဏ ရေးပြီး လွှတ်တော်ထဲက အကြောင်း အရပ်ထဲက သိအောင် ပြောရဦးမယ် သူငယ်ချင်းရေ။

လွှတ်တော်ကိုတော့ လွှတ်မဆော်ရဲပါဘူး။ ရှော့ရှိတယ် တဲ့။

# ကျွဲပြဲစီးသူများ



တို့ပြည်သူတွေ ဒီတစ်ခါတော့ဖြင့်
လွှတ်တော်ရဲ့ ဒီမိုကရေစီ အတိုင်အနက်ကို
လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ ကြည့်ရပြီဆိုပြီး
ဝင်းသာအားရ ရင်တမမ ကြည့်နေလိုက်တာ
အဲဒီ ဥပဒေတွေ မရုပ်သိမ်းသေးဘူးဆိုတော့
ဒီမိုကရေစီစနစ်ပြောင်းဖို့
ပင်းတို့ မရဲတာရဲ ဖြစ်နေသေးတယ်လို့
ငါထင်တယ် သူငယ်ချင်း။

# ကျွဲပြစီးသူများ

သူငယ်ချင်းရေ …

လွှတ်တော် ခန်းမကြီးထဲမှာ တိုက်ပုံက ပန်းရောင်၊ ခေါင်းပေါင်းက အဝါ၊ ပုဆိုးက အစိမ်းကွက်စိပ်နဲ့ ငါ့သူငယ်ချင်းတစ်ယောက် ငါ့စာဖတ်ပြီး စပ်ဖြီးဖြီးကြီး ဖြစ်နေမှာ မြင်ယောင်မိသေးတယ်။

ကိုယ်တိုင် စီးချင်လို့ပဲဖြစ်ဖြစ်၊ ပြည်သူစီးခိုင်းလို့ပဲဖြစ်ဖြစ် ခွထိုင်မိနေပြီဖြစ်တဲ့ ဒီမိုကရေစီကျွဲရိုင်းရဲ့ ကျောပေါ်မှာ မင်းတို့တစ်တွေ တထိတ် ထိတ်တလန့်လန့်နဲ့ ပြုတ်မကျအောင် ကြိုးစား ထိန်းညှိနေရတာ မြင်ရ တော့ 'မရဲဘဲနဲ့ ကျွဲပြစီးသူများ' ဆိုတဲ့ မြန်မာစကားပုံကို သတိရမိတယ် ကွာ။

ဒီမိုကရေစီ မီးရှူးသန့်စင် ဖွားမြင်ရာ မင်းတို့ လွှတ်တော်ကတော့ 'အစကတည်းက ယဉ်သကို' ဆိုသလိုပဲ ဖြစ်လာမယ့် ပြဿနာတွေကို ကြိုတင်မစဉ်းစားနဲ့ လွှတ်တော်ကျင်းပတာကို Live ဆိုပြီး တိုက်ရိုက် ထုတ်လွှင့်ပြသလိုက်သေးတယ်။ သူများ Live လို့ Live လိုက်ရတာ၊ ကိုယ့်ဇာတ်ကိုလည်း သိပ်နိုင်တာမဟုတ်တော့ တစ်လမပြည့်ခင် နိဂုံးချုပ်သွားတယ်။

Live ထုတ်လွှင့်တဲ့ နေ့တွေကဆို လွှတ်တော်ကို 'လွှဟ်' အထင်ကြီးတာ။ ပွင့်လင်း မြင်သာမှုတွေကို အမှောင်ထဲက ပြည်သူတွေ မြင်ရ ကြားရပြီကွ ဆိုပြီး အိမ်မှာ တခြား ဘာအလုပ်မှ မလုပ်ဘူး၊ လွှတ်တော်ရဲ့ Live Channel ကိုပဲ ထိုင်ကြည့်နေတာ။

ကိုရီးယားကား စွဲနေတဲ့ မိန်းမတောင် မေးငေါ့ပြီး "ရှင့် ဦးရွှေမန်းက အွန်စောတို့ ဂျွန်စောတို့ထက် ချောလွန်းလို့ တစ်နေ့တစ်နေ့ ဒါပဲ ထိုင်ကြည့်နေတာလား" လို့ ခနဲ့ခံရသေးတယ်။

မြန်မာ့ဓလေ့ ထုံးစံအတိုင်း ပြည်သူ ကြိုက်ပြီလား၊ ကြိုက်ပြီ ဆိုရင် အဲဒီ အခွင့်အရေးကို ပိတ်သိမ်းခံရတဲ့ ထုံးစံအတိုင်း ရက်ပိုင်းနဲ့တင် Live ကို မပြတော့ဘဲ ဆင်ဆာလုပ်ထားတဲ့ Delay ဆိုပြီး ပြန်ပြတော့တာပါပဲ။

လွှတ်တော်ထဲမှာ အမတ်တွေ အရှင်လတ်လတ် ပြောတဲ့ စကားတွေကို 'နေပူတော်'ကို သွားစရာမလိုဘဲ ကိုယ့်အိမ်မှာ ငုတ်တုတ်ကြီး ကြည့်ရှုခံစားနေတုန်း ဒီမိုကရက်တစ် အမတ်မင်းများ ညောင်မြစ်တွေကို Back-hole တွေ၊ ဘူဒိုဇာတွေနဲ့ အသားကုန် တူးကြတော့ စစ်အာဏာရှင်တို့ရဲ့ ပုတ်သင်ဥတွေ ပေါ်လာမှာစိုးလို့ ဟိုးဆရာ ဟိုး ဟိုး ဆိုပြီး Sky Net က ရိုက်ကူးရေး Crew တွေ၊ Return to Mother Unit (RTU) ထိုပြီး Live ထုတ်လွှင့်တာတွေ အစိမ်းခြွေ ခံခဲ့ရတယ်။

အစကတည်းက သတ္တိမရှိရင် မပြနဲ့ပေါ့။ အခုတော့ မရဲဘဲနဲ့ ကွဲပြ စီးပြသလို မဖြစ်ဘူးလား။ ကိုယ်မှ မရဲရင် အဲဒီကွဲကို တက်ကို မစီးနဲ့။ အခုတော့ ပြည်သူကို နောက်သလို မဖြစ်ဘူးလား။

ပွင့်လင်းမြင်သာမှု (Transparence)၊ တာဝန်ယူမှု (Accountability) နဲ့ သတ္တိရှိမှု (In Courage) တွေ တကယ်ရှိတယ်ဆိုရင် ဒီတစ်ခေါက် လွှတ်တော်ပြန်စရင် Live ကြည့်ချင်သေးတယ်။

ကြက်ဖ၊ ယုန်လေး၊ ဆင်ပေါက်၊ ကျားပေါက်တို့တွေတောင် Live Show တွေ ဝက်ဝက်ကွဲ လုပ်နေတာ လွှတ်တော်က သူတို့လောက် တောင် အရည်အချင်း မရှိဘူးလား၊ သတ္တိ မရှိဘူးလား။ လွှတ်တော်က 'လွှတ်'တော်တဲ့သူတွေကို စိတ်ကြိုက် ရွေးချယ်ထားတာဆို။ ဘာအခုမှ ကြောက်ပါပြီလဲ။

မရဲဘဲနဲ့ စီးတဲ့ ကွဲပြပေါ်မှာ နောက်ဂျမ်းထိုးပြတာလည်း အသည်း တယားယားနဲ့ ကြည့်လိုက်ရသေးတယ် သူငယ်ချင်းရဲ့။

ကိုယ့်ရဲ့ ဘော်ဒါ ဘော်ကျွတ်တွေ လက်ဝါး ရိုက်ပြီး ဖွဲ့ထားတဲ့ အဖွဲ့ သုံးဖွဲ့ကို အပြန်အလှန် ထိန်းညှိဖို့ ဘာတဲ့ Check and Balance ဆိုလား၊ ဘာလား ဒီမိုကရေစီ အစိုးရတွေနဲ့ အိုင်တင်အပြည့်နဲ့ အုပ်ချုပ် ရေး မဏ္ဍိုင် (အစိုးရ) အဖွဲ့ဝင် ညွှန်ချုပ်ကနေ သမ္မတအထိ အိမ် ဘယ်နှလုံး၊ မြေကွက် ဘယ်နှကွက်၊ ကိုယ်ပိုင်ဘဏ် ဘယ်နှခု၊ ကား ဘယ်နှစီး၊ ကုမ္ပဏီ ဘယ်နှခု၊ နိုင်ငံခြား ငွေစာရင်း ဘယ်နှခု စာရင်းပြုစု တင်ပြရမယ် ဆိုပြီး ဥပဒေပြုရေးမဏ္ဍိုင် (လွှတ်တော်) က စပြီး ဖွလိုက် တယ်။

ပွဲက အရမ်းကို ဆူသွားတယ်။ ငါတို့ သာမန် ပြည်သူတွေအဖို့ ဒီတစ်ခါတော့ ပွဲကြမ်းပြီဆိုပြီး ကြည့်လက်စ ရမ်ဘိုနဲ့ ဗန်ဒိန်း အက်ရှင် ဇာတ်ကြမ်းကို အသာပိတ်ထားပြီး လွှတ်တော် Channel ကို မျက်တောင် မခတ် ကြည့်နေမိတယ်။

လားလား … သမ္မတနဲ့ အဖွဲ့ကလည်း ပြေးတယ် မောင်ရေ။ လှစ်လှစ်ကလေး။ ငါတို့ကို စစ်ချင် စစ်ပါ။ တရား မျှတစွာ အပြန်အလှန် ထိန်းကျောင်းတဲ့အနေနဲ့ နင်တို့ အဖွဲ့တွေလည်း စစ်ရမယ်၊ နင်တို့ရဲ့ ပိုင်ဆိုင်မှု စာရင်းလည်း ငါတို့လိုပဲ အမှန်အတိုင်း ပြုစု တင်ပြပေးပါလို့ လည်း ပြောလိုက်ရော လွှတ်တော်က အသံမထွက်တော့ဘူး။ တေမိ လွှတ်တော် လုပ်ပြီး ရှုးချင်ယောင် ဆောင်နေလိုက်တယ်။ ဒီကိစ္စ သူ မပြောခဲ့သလိုလို၊ အတိတ်မေ့သလိုလို၊ ရွှေပျောက်သလိုလို လုပ်ပစ်လိုက် တယ်။

ဘယ်ရမလဲ … အားလုံးထက်လည်လို့ သမ္မတတက်လုပ်တာ။ ဒီမို ကရေစီ Tempo တွေ သိပ်မြှင့်လို့မရဘူး။ Mode ဝင်သွားလို့ ဇာတ်ရှိန် မြှင့်လို့ မရဘူး။

ဒီမိုကရေစီ ထိုးဇာတ်မှာ သရုပ်ဆောင် ပီပြင်လွန်းတဲ့ အကယ်ဒမီ ရှော့ ရောဝတီတိုင်း လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်တော့ ရွှေစင်ဆုတွေ တစ်ပွေ့တစ်ပိုက်နဲ့ ဝန်ကြီးဌာနအားလုံးရဲ့ အမြင့်မြတ်ဆုံး သာသနာရေး ဝန်ကြီး ရာထူးကို ဂွပ်ခနဲ ရသွားတယ်။ ပြည်သူတွေအပေါ် ကောင်းတာ တွေ လုပ်တာများလွန်းလို့ ကောင်းတဲ့နေရာရောက်သွားတယ် ထင်တယ်။ အဲဒီ လွှတ်တော်ဥက္ကဋ္ဌကို ကြိုက်တဲ့ ရောဝတီတိုင်းက ပြည်သူတွေက တော့ ဟတ်ကော့ကြီး ကျန်ရစ်ခဲ့တယ်။

ကျန်တဲ့ ပြည်နယ်နဲ့ တိုင်း လွှတ်တော်ဥက္ကဋ္ဌတွေအတွက် သင်ခန်းစာ (၁) အနေနဲ့ မှတ်သားလိုက်ရတော့ ဒီမိုကရေစီ ဒရိုင်ဘာအားလုံး ဘက် ဂီယာ ပြန်ထိုးကြမှာပေါ့ သူငယ်ချင်းရာ။

နောက်တစ်ခါ လာပြန်ပြီလားဟေ့ … ဆိုတာလည်း ရှိသေးတယ် သူငယ်ချင်းရဲ့။

ဒီမိုကရေစီ လမ်းမရဲ့ မြောင့်ခလုတ် အရေးပေါ် စီမံမှု အက်ဥပဒေ၊ အီလက်ထရောနစ် အက်ဥပဒေတွေကို ပြင်ဆင်ဖို့၊ ဖျက်သိမ်းဖို့ ဒီမိုကရက်တစ် အမတ်တစ်ယောက်က အဆိုတင်သွင်းလိုက်တော့ တို့ပြည်သူတွေ ဒီတစ်ခါတော့ဖြင့် လွှတ်တော်ရဲ့ ဒီမိုကရေစီ အတိမ်အနက်ကို လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ ကြည့်ရပြီ ဆိုပြီး ဝမ်းသာအားရ ရင်တမမ ကြည့်နေလိုက်တာ အဲဒီ ဥပဒေတွေ မရုပ်သိမ်းသေးဘူးဆိုတော့ ဒီမိုကရေစီစနစ်ပြောင်းဖို့ မင်းတို့ မရဲတရဲ ဖြစ်နေသေးတယ်လို့ ငါထင်တယ် သူငယ်ချင်း။ အဲဒီဥပဒေတွေ ရှိနေရင် ဒီမိုကရေစီ ခရီး ရှေ့ဆက်ဖို့ မလွယ်သေးဘူး။

ဒီမိုကရေစီရဲ့ အနှစ်သာရ ပြည်သူတွေ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေ လွတ်လွတ်လပ်လပ် ဆွေးနွေးကြ၊ ငြင်းခုံကြ၊ လွတ်လပ်စွာ သဘောကွဲလွဲကြ၊ ပြည်သူအတွက် ကောင်းမယ် ထင်ရင် အားလုံးက ဝိုင်းထောက်ခံကြ၊ တစ်ဦးတစ်ယောက် တစ်ဖွဲ့ တစ်ပါတီအတွက် ခွင်ဆင်နေတာတွေ့ရင် ဝိုင်းဝန်းကန့်ကွက်ကြ၊ ကလော်ကြ၊ ဆော်ကြနဲ့ ပျော်စရာ အနောက်တိုင်းလွှတ်တော်၊ ဒီမိုကရေစီ တိုင်းပြည်များရဲ့ လွှတ်တော်တွေရဲ့ ပါဖောင်းမန့်မျိုးနဲ့ စပိန် ကျွဲရိုင်းသတ်ပွဲတွေရဲ့ ရဲတင်းမှု၊ သတ္တိရှိမှုမျိုးတွေ မတင်ဆက်ရဲဘဲနဲ့တော့ ဒီမိုကရေစီ ထိုးဇာတ်ဟာ ကြိုးပြတ်နေတဲ့ ရုပ်သေးရုပ်လို ကြည့်မကောင်း ရှုမကောင်း ဖြစ်နေဦးမှာမို့ ကျွဲပြပေါ်က ၂၀၁၅ ခုနှစ် နောက်ဆုံးထားပြီး ဆင်းခဲ့ကြပါတော့ သူငယ်ချင်းတို့ရယ်။

ငါတို့လည်း ဘေးကကြည့်ပြီး မင်းတို့ကိုယ်စား အသည်းတွေယားပြီး အသားတွေ ရဲကုန်ပြီး ခရမ်းလွန်ရောင်ခြည်ကြောင့်ဆိုလား…။

# ရွှဲကုန်သည် ပေါက်ဖော်ကြီး



ဆရာကြီး ဒီမိုနီးချင်း ဖြစ်ပေမဲ့
ဒီမိုနီးချင်းကောင်း မဟုတ်ခဲ့ဘူး။
အဝေးရောက် ချစ်သူတွေက အကြင်နာ ပေးလာတော့မှ
ဆရာကြီးက လွှတ်တဲ့ငါး ကြီးပြီး
ဘာသာရေးနည်းလမ်းတွေနဲ့ ဖောရှောလာလုပ်ပေမဲ့
သေးမပီတော့ဘူး ဆရာကြီး။

# ရွဲကုန်သည် ပေါက်ဖော်ကြီး

ဆရာကီး …

ဆရာကီးကို 'ဝ' ပြောတယ်လေ။ အောက်ဈေးတွေ မလုပ်ပါနဲ့၊ အချောင်မနှိုက်နဲ့၊ သူခိုးဈေးနဲ့ မလုပ်ပါနဲ့။

'ဝ' အတန်တန် ပြောတဲ့ကြားက ဆရာကီးတို့က 'ဝ'တို့ကို ဂျင်းထည့်တော့ အခု ပြဿနာတက်ပြီ။

'ဝ'တို့ တိုင်းပြည်မှာအခု ဈေးကောင်းပေးဝယ်မယ့် ဖောက်သည်အသစ်တွေ နေ့တိုင်း လာနေကြတယ်။ အိုဘားမားက ရွှေကြိုလုပ်ပြီး 'ဝ'တို့တိုင်းပြည်ကို ဝယ်လက်တွေ အများကြီး ခေါ်လာတယ်။ ကမ္ဘာ့ ပေါက်ဈေးထက် ပိုပေးမယ့်သူတွေ တပြုံတမကြီး ခေါ်လာတယ်။ ဆရာ ကီး ဘယ်လိုလုပ်မှာလဲ။ မြစ်ဆုံဟာ ဆရာကီးတို့ကို အချစ်ကုန်သွားပြီလို့ ပြောလိုက်တာပါပဲ။

ဆရာကီး အိမ်ဘေးက အီစွတ်ဘိုင်ကတောင် ဆရာကီး 'ဝ'တို့ကို ဘန်ဘူးသွင်းနေတာ များနေပြီတဲ့။ သူတောင် ဘေးကနေကြည့်ပြီး 'ဝ' တို့ကို သနားကယ်ဆိုပဲ။

'ဝ'တို့အိမ်မှာ ကျွန်း၊ ကျောက်စိမ်း၊ ရေနံ၊ ဓာတ်ငွေ့၊ ငါး၊ ပုစွန်နဲ့ တောက်တဲ့တောင် ဆရာကြီးတို့ ချမ်းသာမပေးဘူး။ နောက်ဆုံး 'ဝ'တို့ မိန်းမတွေပါ ဆရာကြီးတို့ တိုင်းပြည်ကို အင်ပို့ လုပ်နေတော့ ကြာရင် 'ဝ'တို့တောင် နောက်ကျောမလုံဘူး။ ဆရာကြီး နောက်ဆို 'ဝ'ကိုပါ ရန်ရှာလာလိမ့်မယ်။

ဆရာကြီးတို့က ဘယ်နိုင်ငံကိုပဲဖြစ်ဖြစ် ဆရာကြီးတို့အတွက် ခွင်ဆင်ပေးမယ့် အစိုးရဆိုရင် မျက်စိမှိတ်ထောက်ခံတော့ 'ဝ'တို့ ပြည်သူတွေက ဆရာကြီးတို့ကို စိတ်နာထားတယ်။

အခုလည်း ဆရာကြီးတို့ ဆီးရီးယား အစိုးရနဲ့ မြောက်ကိုရီးယား အစိုးရကို ဖွတ်ထောက်ခံထားတယ်။ အဲဒီလို လုပ်တာကို အဲဒီတိုင်းပြည်က ပြည်သူတွေရော ကမ္ဘာ့ပြည်သူတွေကပါ မကြိုက်ဘူး ဆရာကြီး။

ဆရာကြီးတို့က အများပြည်သူကိုကြည့်တာ မဟုတ်ဘူး။ ငွေမျက်နှာပဲ ကြည့်တာ။ အခုတော့ ဆရာကြီး ဒုက္ခရောက်ပြီ။ အခုအချိန်က ဆရာကြီးတို့ ဘော်ဒါတွေ အုပ်ချုပ်တာ မဟုတ်ဘူး။

ဆရာကြီးက 'ဝ'တို့ ဈေးကွက်ကို အစောဆုံး ဝင်ခွင့်ရခဲ့တာနော်။ ဒါပေမဲ့ ဆရာကြီးတို့က 'ဝ'တို့ ငယ်ငယ်က သင်ခဲ့ရတဲ့ ရွှေကုန်သည်ပြဇာတ်ထဲက သူယုတ်မာ ရွှေကုန်သည်လို 'ဝ'တို့ သယံဇာတတွေကို သူခိုးဈေး၊ ဘိန်းစားဈေး၊ လင်သေကြွေးပူဈေး၊ အောက်ဈေး၊ အချောင်နှိုက်ဈေးနဲ့ ဆရာကြီးတို့ သမသွားကြတော့ 'ဝ'တို့ တိုင်းပြည် လန်ကွတ်တီပဲ ကျန်တော့တယ်။

အဆိုးဆုံးက ဆရာကြီးတို့ 'ဝ'တို့ မြန်မာမိန်းကလေးတွေကို ဆရာ

ကီးတို့ တိုင်းပြည်ကို အင်ပို့လုပ်တာ အဆိုးဆုံးပဲ။ နောက်ဆုံး ဆရာကီးတို့ 'ဝ'တို့ တိုင်းပြည်ကို အလယ်တောင် လာလို့ရမှာ မဟုတ်တော့ဘူး။

အခုမှ လာပြီး ဆရာကီးတို့က ရွှေခွက်ကို လိုချင်နေလို့ အတင်း နသားပါးယား လာလုပ်လို့ မရတော့ဘူး ဆရာကီး။ ဆရာကီးတို့နဲ့ မြန်မြန် သံယောဇဉ် ဖြတ်လိုက်လို့ 'ဝ'တို့ သက်သာသွားတာ။

ဆရာကီးတို့က ဆန် အတု၊ ကြက်ဥ အတု၊ ဟင်းချက်ဆီ အတု၊ အားလုံး 'ဝ'တို့ တိုင်းပြည်ကို လှိမ့်သွင်းနေတော့ ကြာလာရင် မလွယ်ဘူး ဆရာကီး။

ဆရာကီးတို့ဆီက ဝယ်တဲ့ လေယာဉ်တွေလည်း ခဏခဏ ဒုက္ခပေး တယ်။ ဆရာကီးတို့ထုတ်တဲ့ လန်ဂျန်းတို့၊ ဖောတို့၊ ထော်လာဂျီတို့နဲ့တင် ခံရတာကို အမှတ်မရှိဘဲ ဆရာကီးတို့ဆီက လေယာဉ် ဝယ်စီးမိတဲ့ 'ဝ' တို့ရဲ့ အပြစ်ပါပဲ။

'ဝ'တို့ အစိုးရကလည်း တရားအားထုတ်ပြီး တရုတ် အားထားခဲ့တော့ ဆရာကီးတို့ အပြစ်ကြီးပဲ မဟုတ်ပါဘူး။ ဆရာကီးတို့ နှိပ်စက်ခဲ့တဲ့ ပိုက်လိုင်း ကိစ္စမှာ 'ဝ'တို့ အစိုးရ ပိုက်ဘောမိသွားတာ အခုထက်ထိ ပြန်ဖြည်လို့ မရတော့ဘူး။

ဆရာကီး အိမ်နီးချင်း ဖြစ်ပေမဲ့ အိမ်နီးချင်းကောင်း မဟုတ်ခဲ့ဘူး။ အဝေးရောက် ချစ်သူတွေက အကြင်နာ ပေးလာတော့မှ ဆရာကီးက လွတ်တဲ့ငါး ကြီးပြီး ဘာသာရေးနည်းလမ်းတွေနဲ့ ဖောရှောလာလုပ်ပေမဲ့ ဆေးမမိတော့ဘူး ဆရာကီး။

ဒိုဘားမားတို့အဖွဲ့ကလည်း ဆရာကီး ခွင်ပျက်မယ့်အချိန်ကို စောင့်

ပြီး အတင်းဝင်လုံးတာ။ ပြန်ထွက်မှာ မဟုတ်တော့ဘူး။ ကျွဲကူး ရေပါ ရွှေတိဂုံဘုရားလည်း ဖူးရင်း၊ လိပ်ဥလည်း တူးရင်း၊ ဆရာကြီးကိုလည်း အနီးကပ် လာ Check တာ။ ဆရာကြီး အာရှတစ်ခွင် စစ်ရေးအရ ပြဿနာ ရှာလို့မရအောင် ခွချက် ချက်လိုက်တာ။

အဲဒါ ဆရာကြီး ဝင့်လည်တာ။ 'ဝ'တို့ ပြည်သူတွေ ဒုက္ခရောက်တုန်း က ဆရာကြီးက လူမိုက်အားပေး လုပ်ခဲ့တာ။ ဆရာကြီး တည်ထားတဲ့ ထမင်းအိုးကို ခူးပြီး ခပ်ပြီးသား EU က အပြီးယူတော့မှာ။

ဆရာကြီး ဝမ်းနည်းပက်လက်၊ ဝမ်းနည်းမှောက်လျက် ဖြစ်မနေနဲ့။

တန်ရာတန်ကြေး ဂုဏ်သိက္ခာရှိရှိနဲ့ အကောင်းဆုံးပစ္စည်းတွေထုတ် ပြီး လိပ်ပြာသန့်သန့်နဲ့ လာရောင်းပါ။ ဝန်ဆောင်မှုလုပ်ငန်းတွေ လုပ်ချင် ရင်လည်း 'ဝ'တို့ ပြည်သူတွေကို လေးလေးစားစား နဲ့ 'ဝ'တို့ အကျိုးရှိမယ့် အလုပ်တွေကို လာလုပ်ပါ။

'ဝ'တို့က တစ်ကမ္ဘာလုံးနဲ့ တည့်အောင်နေတော့မှာ။ ကမ္ဘာမကျေ ဗမာပြည် မဟုတ်တော့ဘူး။

ကမ္ဘာကြီးနဲ့ မတည့်လို့ ဆရာကြီးကို ဆရာတင်မိတာ အခု အရင်လို မဟုတ်တော့ဘူး။ 'ဝ'တို့ စာတတ်သွားပြီ။

ဆရာကြီး ချိုင်းအောက်ထဲ ဆွဲသွင်းပြီး ဆရာကြီး လက်ခုပ်ထဲက 'အီး' မဟုတ်တော့ဘူး။

ဆရာကြီး တပည့်အသစ်ရှာဦး။ 'ဝ'တို့က ဆရာကြီးတပည့် မဟုတ် တော့ဘူး။ ဆရာကြီးနဲ့ တန်းတူ အဆင့်တူ အိမ်နီးချင်းပဲ။ ကြိုက်ရောင်း ကြိုက်ဝယ်ပဲ။

ဒိုဘားမားက ပေါက်ဈေးပေးရင် ဒိုဘားမားကို ရောင်းမယ်။

နီပွန် ကုမ္ပဏီတွေ ဈေးကောင်းပေးရင် သူတို့နဲ့ အလုပ်လုပ်မယ်။

ဘိလပ်က လူတွေ အသိအမှတ်ပြုရင် သူတို့နဲ့ ဆက်သွယ်မယ်။ လက်သိပ်ထိုး စားတော်ခေါ်တဲ့လူတွေ 'ဝ'တို့ တိုင်းပြည်မှာ နေရာမရှိတော့ဘူး။

ဆရာကီးကို 'ဝ' မေးတယ်လေ။ မြန်မာ့ကျွန်းသစ် အရည်အသွေး ကောင်းလားဆိုတော့ ဆရာကီးက 'ဟောင်' တဲ့။ ကောင်းတယ်ပေါ့နော်။

ကျောက်စိမ်းကကောဗျာဆိုတော့ 'ဟောင်'ပဲ။

သဘာဝဓာတ်ငွေ့လည်း 'ဟောင်'ပဲ။

ငါးပုစွန် ကဏန်းကောဆိုတော့ 'ဟောင်'။

မြန်မာ အမျိုးသမီးတွေလည်း ဆရာကီးတို့အတွက်တော့ 'ဟောင်' မှာပဲ။

တစ်ဟောင်တည်း ဟောင်နေတဲ့ ဆရာကီး အခုတော့ မဟောင်နိုင်တော့ဘဲ ယူကြုံးမရ အအူဆုံးဘဝ ရောက်ပြီး တစ်အူတည်း အူနေမှာ မြင်ယောင်သေးတယ်ဗျာ။

ဒိုဘားမားကို အစ်ကိုတားထားတဲ့ ကြားထဲက အိမ်ကိုခေါ်လာခဲ့တဲ့ 'ဝ'တို့ ပြည်သူတွေကို ဆရာကီး ခွင့်လွှတ်လိုက်ပါ။ ဆရာကီး သွားကြားထိုးနေချိန်ကျမှ သူတို့က အရိုးကို ဝိုင်းလုနေကြရတာ။ 'ဝ'တို့ သယံဇာတတွေကို အဆီတစ်ရစ် အသားတစ်ရစ် စားပြီး ဗိမ်ယစ်နေတဲ့ ဆရာကီး အတွက်ကတော့ . . .

'ဝမ်စွေ့ ဝမ်စွေ့ ဝမ်ဝမ်စွေ့ပါပဲ ရှေးဖောရာ'

# ဆိုက်ကားသမားနဲ့ ဒီမိုကရေစီ



အဲဒီ အုပ်ချုပ်ရေးမှူး မဟုတ်တာ တစ်ခုခုလုပ်ရင်
ချက်ချင်း တိုင်စာရေးစမ်း။ စာနယ်ဇင်းတွေ အသိပေး။
ချက်ချင်းဖော်ထုတ်၊ ချက်ချင်းဖြုတ်။
ပင်း အုပ်ချုပ်ရေးမှူး အမြဲကို ကုပ်နေရမှာ။
ပင်းတို့က အခု စင်ပေါ်ရောက်သွားပြီ။
ညှော်စာရင်းလည်း တိုင်စရာ မလိုတော့ဘူး။
တိုင်ခဲ့ရရင်လည်း ညှော်စာရင်းဖိုး ပေးစရာ မလိုဘူးနော်။

# ဆိုက်ကားသမားနဲ့ ဒီမိုကရေစီ

မောင်ရွှေရေ …

မင်း သိပ်သိချင်နေတဲ့ ဒီမိုကရေစီအကြောင်းကို မင်း နားလည်အောင် ပြောပြဖို့ ငါ တော်တော်ခေါင်းစားနေတယ်ကွ။ ကျောင်းလုံးဝ မနေဖူးတဲ့ မင်းကို ဥရောပတိုက်က စခဲ့တဲ့ လူအများ အုပ်ချုပ်တဲ့စနစ် အကြောင်းကို ငါ ဘယ်လိုရှင်းပြရမှန်း မသိဘူး။

ဒါပေမဲ့ ဆိုက်ကားနင်းပြီး ထမင်းရှာစားနေရတဲ့ မင်းက ဒီမိုကရေစီ စနစ်အကြောင်းကို စိတ်ဝင်စားတယ်ဆိုတော့ ငါ အရမ်းဝမ်းသာတယ်ကွာ။ မင်းက ဟိုဆရာတွေထက်တော့ သာတာအမှန်ပဲ။ လူကြိုက်များတဲ့ ဒီစနစ်ကို မင်းက အများနည်းတူ ကြိုက်တယ် ဆိုတော့ ဒီမိုကရေစီ စိတ်ဓာတ်တွေ မင်းသွေးထဲမှာ ရှိပြီးသား ဖြစ်ပါလိမ့်မယ်။

လမ်းထိပ်က ကားကြီးဂိတ်ကို ဆိုက်ကားနဲ့ လိုက်ပို့တိုင်း ကြုံရင်ကြုံသလို ဒီမိုကရေစီအကြောင်း မေးနေတော့ တစ်နေ့မှာ မြန်မာပြည်ရဲ့ အီဗရာဟင်လင်ကွန်း ဖြစ်လာမယ့်ကောင်လား မသိဘူးလို့ ငါတောင် ဖြုံလာတယ် မောင်ရွှေရဲ့။

ဒီမိုကရေစီရဲ့ မွေးရာ ဇာတိ အေသင်မြို့ပြကို သိသလားလို့ ငါ မေးတုန်းက မင်း ပြန်ဖြေတာကို အမှတ်ရမိသေးတယ်ကွာ။ အေသင်မြို့ ပြတော့ မသိဘူး ဆရာ၊ အေသင်ချိုဆွေတော့ ကောင်းကောင်း သိတယ်၊ သူ့ပုံစံက တင်းတင်းရင်းရင်းနဲ့ show ပွဲ စင်မြင့်ပေါ်မှာ 'တင်းတယ် တင်းတယ်'နဲ့ ကုန်းကုန်းအော်နေတာ မျက်စိထဲက မထွက်ဘူးတဲ့။ အဲဒီ စကား မင်းမိန်းမ မယ်သန်း ကြားလို့ကတော့ မောင်ရွှေရေ … မင်း မလွယ်ဘူး ဖြစ်သွားမယ်နော်။

ဒါဆို ပလေတိုး သိသလားဆိုတော့လည်း ပလေတိုး ဆိုတာ ဦးပေတိုး ကို ပြောတာလား။ ဂွတိုရဲ့ ဦးလေးလေတဲ့။ တော်တော်နီးစပ်မယ့်သဘော ပဲ။ ကဲကွာ … အနည်းဆုံး ဆိုခရေးတီးကိုတော့ မင်းသိမှာပေါ့ဆိုတော့ သိသမှ သိပ်သိပေါ့ဗျာ၊ သိရုံတင်မကဘူး၊ အဲဒီ ဆိုကရေးတီး ဆိုတာကြီး ကို သိပ်မုန်းတာ၊ အုံနာကြေးတောင် မကျေတဲ့နေ့မှာ အဲဒီ ဆိုကရေးတီး ဂိတ်မှူးက တစ်ယောက်သုံးထောင် ထည့်ရမယ်ဆိုပြီး ဘိုင်ဖို့စ်နဲ့ ထည့်ခိုင်း တာ။ မကျေနပ်ပေမဲ့ နောက်နေ့ ဂိတ်မထိုးရမှာကြောက်လို့ အောင့် သက်သက်နဲ့ ထည့်လိုက်ရတယ်။ ဘာမှဖြစ်လာမှာလည်း မဟုတ်ဘူး။ ဂျောက်ဂျက်၊ ဂျေမီ၊ Bobby Soxer၊ ဆိုင်ကလုံး၊ စနဲ့တို့ Rapper အုပ်စု ကို မကျော်နိုင်ပါဘူး အဘရာ၊ လူငယ်တွေက သူတို့လမ်း သူတို့ရွေး လျှောက်နေကြတာပါ၊ ပိုက်ဆံကုန် အချိန်ကုန်တာပဲ၊ ကြားထဲက ကျွန်တော်တို့က ငထွား ခါးနာရတာပါ။

အဲဒီ ဆိုကရေးတီးကို ပြောတာ မဟုတ်ဘူး သေနာရဲ့၊ ဂရိ အတွေး အခေါ် ပညာရှင် ဆိုခရေးတီးကို ပြောတာ။

အေးလေ … ဘာပဲဖြစ်ဖြစ် ဖြည်းဖြည်းချင်း ရှင်းပြရင်တော့ ဒီမို ကရေစီ စနစ်ကို သဘောပေါက်လာမှာပါ။ လူအများ စုပေါင်း အုပ်ချုပ်

တဲ့ စနစ်၊ အောက်ခြေအဆင့် ခေါင်းဆောင်ကိုတောင် ရပ်ကွက်ထဲက စိတ်ကြိုက် ရွေးပြီး အများ သဘောကျ ရွေးပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် ရပ်ကွက်၊ မြို့၊ ခရိုင်၊ တိုင်း၊ ပြည်နယ် အဆင့်ဆင့် အများပြည်သူစိတ်တိုင်းကျ ရွေးချယ်ကြရတာ။ ဆွဲခန့်တွေ မရဘူး။ မိုးပေါ်က ကျလာလို့ မရဘူး။ ပြည်သူ မကြိုက်တဲ့သူဆို ချက်ချင်းနုတ်ထွက်ပေးရတယ်။

ဒီမိုကရေစီစနစ်မှာ တရားဥပဒေ စိုးမိုးရေးကို ဦးစားပေးတယ်။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူး။ လူတိုင်း စည်းကမ်းရှိရမယ်။ ဆိုက်ကားကို နင်းချင်တိုင်း နင်းလို့မရဘူး။ ကန့်သတ်နယ်မြေ မဝင်ရဘူး။ လမ်းပြောင်းပြန် မနင်းရဘူး။ ဂိတ်မှာ ရပ်ထားရမယ်။ အလှည့်ကျ ထွက်ရမယ်။ အလှည့်ကျော်လို့ မရဘူး။ အခွန်ဆောင်မယ်။ လိုင်စင်ရှိရမယ်။

ဒီမိုကရေစီစံနှုန်းတွေ ရွတ်ပြတော့ တော်ပြီ အဘတဲ့။ ကျွန်တော် ဒီမိုကရေစီကို မကြိုက်တော့ဘူး၊ အဘတို့ဟာက ချောင်ရင် ချောင်သလို၊ မှောင်ရင် မှောင်သလို လုပ်လို့ မရဘူး၊ အခုခေတ်ကမှ ကောင်းသေးတယ်၊ မော်တော်ပီကယ် ပရပ်လုံးကို လိုင်းကြေး ပေးလိုက်ရင် လမ်းပြောင်းပြန် မဟုတ်ဘူး၊ ဇောက်ထိုးတောင် နင်းလို့ရတယ်။

ဒါပေမဲ့ မင်းကို မော်တော်ပီကယ် နှိပ်စက်လို့ မရဘူး ဟဲ့ကောင်ရဲ့ ဆိုတော့ ဥပဒေက တအားတိကျ ခိုင်မာတာတော့ ကြိုက်ပါတယ် အဘရာ၊ အခုဆိုရင် ရပ်ကွက်ထဲမှာလည်း ဟိုလူ့ကြောက်ရ ဒီလူ့ကြောက်ရနဲ့ ရဝတ အသွင်ပြောင်း အုပ်ချုပ်ရေးမှူးတွေ အရမ်းနှိပ်စက်တာ အဘရဲ့။

အေး ... အဲဒီ အုပ်ချုပ်ရေးမှူး မဟုတ်တာ တစ်ခုခုလုပ်ရင် ချက်ချင်း တိုင်စာရေးစမ်း။ စာနယ်ဇင်းတွေ အသိပေး။ ချက်ချင်းဖော်

ထုတ်၊ ချက်ချင်းပြုတ်။ မင်း အုပ်ချုပ်ရေးမှူး အမြီးကို ကုပ်နေရမှာ။ မင်းတို့က အခု စင်ပေါ်ရောက်သွားပြီ။ ညှော်စာရင်းလည်း တိုင်စရာ မလိုတော့ဘူး။ တိုင်ခဲ့ရရင်လည်း ညှော်စာရင်းဖိုး ပေးစရာ မလိုဘူးနော်။

စနေနေ့ လုပ်အားပေးခေါ်လည်း မလုပ်နဲ့။ မင်း စိတ်မပါရင် ဘာ လုပ်အားမှ ပေးစရာ မလိုဘူး။ မင်း ဆိုက်ကားနင်းတဲ့လမ်း မကောင်းရင် စည်ပင်ကို တရားစွဲလို့ရတယ်။ စည်ပင်လုပ်ရမယ့် အလုပ်တွေကို စနေ နေ့တိုင်း မင်းတို့ကို ခိုင်းနေတာ မလုပ်နဲ့ပေါ့။

မင်းတို့ရပ်ကွက်နဲ့ မြို့နယ်က လွှတ်တော်ကိုယ်စားလှယ်နဲ့တွေ့ရင် ခင်ဗျား ရပ်ကွက်အတွက် ဘာလုပ်မှာလဲ၊ လုပ်မပေးရင် ခင်ဗျားကို မထောက်ခံတော့ဘူးဗျာ၊ လွှတ်တော်ထဲကနေ ဂုတ်ဆွဲပြီး ခေါ်ထုတ်လို့ ရတယ် မောင်ရွှေရဲ့။ ဆွဲရဲဖို့ပဲ လိုတာ။

ပြည်သူက အထက်၊ အုပ်ချုပ် သူက အောက်။ မင်း ဘာမှမကြောက် နဲ့ ဆိုတော့ အဘက ကျွန်တော့်ကို အေးအေး ဆိုက်ကားနင်းတာ မမြင် ချင်ဘူးနဲ့တူတယ်။ ကျွန်တော် ငရဲက လာတာနော်။ ပြာပူ သိပ်မကြောက် ဘူး။ ကျွန်တော့်ကို သိပ်မြှောက်မပေးနဲ့။ ကျွန်တော်တို့ ခံခဲ့ရတာ အတော် များနေပြီ။ ဒီမိုကရေစီခေတ်မှာ အစိုးရ ဖြစ်တဲ့သူတွေတော့ သိပ်ချောင် မှာ မဟုတ်ဘူး။ ကျွန်တော်နဲ့ အရင်တွေ့မှာ ဆိုပဲ။

အုပ်ချုပ်ရေးပိုင်းကလူတွေ ရဲ့ စစ်တပ်၊ ဌာနဆိုင်ရာ တစ်ခုခု မဟုတ် တာ နိုင်ငံ့ထက်စီးနင်း လုပ်လို့ကတော့ မောင်ရွှေရေ ··· ဂျာနယ်၊ သတင်း စာ၊ ရုပ်သံလိုင်းတွေမှာ သွားပြီးဖွင့်ချလိုက်။ ဒီကောင်တွေ ဘာတတ်နိုင် မှာလဲ။ အဲဒါ ဒီမိုကရေစီပဲ။ အခုပဲ ကားတွေ၊ တယ်လီဖုန်းတွေ၊ ဆိုင်ကယ် တွေ၊ မင်းတို့ ဆိုက်ကားတွေ အပြိုင်အဆိုင် တင်သွင်းခွင့်ပြုလိုက်ရင်၊

လုပ်ပိုင်ခွင့်ပေးလိုက်ရင် ချက်ချင်းဈေးထိုးကျကုန်တာ။ အဲဒါ ဒီမိုကရေစီရဲ့ ကောင်းကွက်တွေကွ။

အာဏာရှိတဲ့လူနဲ့ပေါင်းပြီး ကြိုက်သလောက် ဈေးတင်ရိုက်လို့ မရတာ ဒီမိုကရေစီစနစ်ကြောင့် မောင်ရွှေရဲ့။ အရင်တုန်းက ဆိုက်ကားလိုင်စင်လုပ်ရင် စည်ပင်က ဆရာတွေ မင်းတို့ကို ဘယ်လောက်ဒုက္ခပေးသလဲ။ အခုပေးနိုင်သေးရဲ့လား။ ပေးတဲ့သူရှိရင်ပြော။ ချက်ချင်း သတင်းစာထဲ ထည့်ပစ်လိုက်မယ်။ ဒီမိုကရေစီဆိုတာ ပြည်သူကို အကြောက်တရား ကင်းစေတဲ့စနစ် မောင်ရွှေရဲ့။ နောက်ဆို မယ်သန်း ကျွန်တော့်မကြောက်တော့ရင်တော့ ဒုက္ခပဲ အဘရာတဲ့။

ဒီမိုကရေစီစနစ်ရဲ့ ကောင်းကွက်တွေကတော့ အရမ်း အရမ်းကိုကောင်းတာပါပဲလို့ ပြောရမလိုပဲ မောင်ရွှေရဲ့။ တစ်ထိုင်တည်းပြောလို့မဖြစ်နိုင်ဘူး။ တို့ပြည်သူတွေ ရဲရဲတင်းတင်း လက်ခံကျင့်သုံးဖို့ပဲ လိုတာ။ ဒီမိုကရေစီစနစ် ကျင့်သုံးပြီး တိုင်းပြည် ကောင်းစားလာရင် မင်းဆိုက်ကားနင်းလို့ မရတော့ဘူးလို့လည်း ပြောလိုက်ရော 'ဟာ … ဒါတော့မဖြစ်ဘူး အဘ၊ ကျွန်တော်က ဆိုက်ကားနင်းတာကလွဲလို့ ဘာမှမလုပ်တတ်ဘူး'။

ဟဲ့ကောင်ရ၊ တိုင်းပြည်ချမ်းသာရင် မင်း တက္ကစီ မောင်းစားပေါ့။ ဒီမိုကရေစီခေတ်မှာ လူသားအချင်းချင်း တိရစ္ဆာန်တွေလို ခိုင်းစေလို့မရဘူး။ လူ့အခွင့်အရေးအဖွဲ့တွေက ဒါတွေကို လက်မခံဘူး။ ဆိုက်ကားနင်းတဲ့ အလုပ်က တဖြည်းဖြည်း ပပျောက်သွားမှာဆိုတော့ …

အဘရေ … ကျွန်တော်လည်း သူများတွေ ကြိုက်လွန်းလို့ ဒီမိုကရေစီကို ဝိုင်းကြိုက်တာ။ ကျွန်တော် သိထားတာက ကျွန်တော့်အဘိုး

ဆိုက်ကားဆရာ ဦးခွေးပု မြို့နယ်တရားသူကြီး ဖြစ်ခဲ့တဲ့ ဆိုရှယ်လစ် ခေတ်လိုဟာမျိုး အောက်မေ့လို့ပါ။ အဘ ပြောတဲ့အတိုင်းဆို အများ စိတ်ကြိုက် ရွေးချယ်မှု၊ အများဆန္ဒနဲ့အညီဖြစ်မှုဆိုတော့လေ လူအများ စုပေါင်းအုပ်ချုပ်နေတဲ့ စနစ်ကြီးပေါ့နော်။ လူများတော့ စကားမများ ဘူးလား အဘရာ။ ကျွန်တော် နားထောင်ရင်း ခေါင်းရှုပ်လာပြီ။

ခေါင်းမရှုပ်ပါနဲ့ မောင်ရွှေရာ။ နောက်ဆို ရှင်းရှင်းလင်းလင်း ငြိမ်း ငြိမ်းချမ်းချမ်းနဲ့ နေနိုင်ကြတော့မှာပါ။ ညဘက်ဆိုလည်း မင်း နှစ်နှစ် ခြိုက်ခြိုက်နဲ့ အိပ်ပျော်နိုင်တဲ့ဘဝ ရောက်ခါနီးပါပြီ။ ဒီမိုကရေစီရလို့ ညဘက် ညေ့စာရင်း လာစစ်တဲ့လူရှိရင် ပါးရိုက်လွှတ်လို့ ရတယ်ကွလို့ လည်း ပြောလိုက်ရော …

ဒါဆို ဂွတ်တယ် အဘ၊ တစ်နေကုန် ဆိုက်ကားနင်းပြီး ညေ့စာရင်း လာစစ်တော့ ကျွန်တော် သေလောက်အောင် မုန်းတယ်။ အဲဒီတစ်ခု တည်းနဲ့တင် ဒီမိုကရေစီကို သိပ်ချစ်သွားပြီ သိလား အဘရေ၊ မောင်ရွှေ နဲ့ မယ်သန်း ညဘက် စိတ်ချလက်ချ ချစ်လို့ရပြီ။ အဲ … အိပ်လို့ရပြီ ပေါ့နော်။ ဟဲ ဟဲ ဟဲ … တဲ့။

# သူခိုးသေ မငိုဝံ့



အဲဒီ တစ်နပ်စား ဝန်ပင်းကတော့
ထိခနဲ့ဆို ကိုးချက် ချုပ်ရအောင်
ကွဲတဲ့အထဲမှာ ထိပ်ဆုံးကပါပဲ။
သူထည့်လိုက်တဲ့ နာရေးကြော်ငြာလည်း ပါလာရော
စတုတ္ထမနိုင် (အဲ ...)
စတုတ္ထမဏ္ဍိုင် တနယ်ဝင်းတွေက
လူကျွံဘောဖမ်းပြီး ဝိုင်းသမလိုက်တာ
ကျန်တဲ့ဝန်ပင်းတွေ ကွင်းလယ်ပြန်ဆင်းပြီး
ဝမ်းမနည်းရဲ့ဘဲ အိမ်မှာသွားပြီး ကြိတ်ငိုကြရတယ်။

## သူခိုးသေ မငိုဝံ့

ဆရာကြီး မောင်တီး ...

ဆောင်းပါးနဲ့ နာမည်ကြည့်ရုံနဲ့ ငါ့ကိုတော့ တွယ်ပြန်ပြီကွ ဆိုပြီး GE ဂျိုလန့် ဖြစ်မနေနဲ့ဦး။ မောင်ရင့်ကိုပြောတာ မဟုတ်ဘူး။ ဟိုးရှေးက ရှိခဲ့တဲ့ စကားပုံလို အခုဖြစ်နေတဲ့ လူတွေရှိနေလို့ တိုက်တိုက်ဆိုင်ဆိုင် မောင်ရင့်ကို လက်တို့ပြီး ပြောလိုက်တာ။

အရင်တုန်းက ရွာတစ်ရွာမှာ ကျွမ်းကျွမ်းကျင်ကျင် ပိပိရိရိ ခိုးတတ်တဲ့ သူခိုးတစ်ယောက် ရှိတယ်တဲ့။ အဲဒီသူခိုးက မှင်မောင်း ကောင်းပြီး ပိရိတော့ သူ ခိုးမှန်းလည်း လူ မသိဘူး။ မိသားစုကလည်း ခိုးရာပါ ပစ္စည်းတွေနဲ့ အလျှံပယ်ဖြစ်နေတာ။ ဘာကြောင့် ချမ်းသာလာမှန်းလဲ လူတွေက မရိပ်မိဘူး။

တစ်ညတော့ တခြားရွာက အိမ်တစ်အိမ် သွားခိုးရင်း အိမ်ရှင်က နိုးသွားလို့ ထအော်တော့ တစ်ရွာလုံး ဝိုင်းဖမ်းပြီး ရိုက်ကြ နှက်ကြနဲ့ သူခိုး သေပါလေရော။ အဲဒီညက သူ့ယောကျ်ား ပြန်မလာဘူး။

မနက်လင်းမှ သတင်းတွေကြားပြီး သိလိုက်ရချိန်မှာ သူခိုးမိန်းမက အော်ပြီး ငိုချင်ပေမဲ့ အခန်းထဲမှာ ကျိတ်ငိုရတယ်။ သူတို့ ချမ်းသာတာ

တွေ၊ သူ့သားသမီးတွေ သုံးဖြုန်းနေတာတွေ ခိုးရာပါပစ္စည်းတွေကြောင့် ဆိုတာ အရပ်က သိသွားမှာစိုးပြီး လူရှေ့ထွက် မငိုရဲကြရှာဘူးတဲ့။

မှတ်မှတ်ရရ ၆-၇-၂၀၁၃ နေ့က မဆလခေတ် အခေါ် မူးယစ်ရာဇာကြီးရဲ့ နာရေးသတင်း တွေ့လိုက်ရတယ်။ ပိုက်ဆံရှိတော့ လူ့ပြည်မှာ နေမယ့်ရက်ကိုတောင် ဆွဲဆန့်လို့ ရတယ်နဲ့တူတယ်။

သေရင် သူများတွေ သုံးရက်ထားတာ။ လွန်ရောကျွံရော တစ်ပတ်ပေါ့။

အခုတော့ ပိုက်ဆံရှိတော့ သေပြီးတဲ့အလောင်းတောင် လူ့ပြည်မှာ အိတ်စတန်းရှင်း ထပ်တိုးလို့ ရတယ်ပေါ့နော်။ ဆွေမျိုးစုံအောင် စောင့်တာလည်း ပါမှာပေါ့။

အစိုးရ အဆက်ဆက် သူနဲ့ ဆွေမျိုးမကင်းတွေ များတယ်။ အဲဒီရာဇာကြီးက မင်းပေါက်စိုးပေါက်ကြီး ဆိုတော့ သူနဲ့ သံယောဇဉ် ဖြစ်ခဲ့ဖူးတဲ့ မှူးကြီးမတ်ရာတွေ ဝမ်းနည်းကြောင်း သတင်းစာမှာ ပလူပျံအောင် ပါလိမ့်မယ် ထင်ခဲ့တာ။

လွဲတယ် မောင်ရေ၊ နှစ်ဝါ တစ်နီ ထိထားတဲ့ ဝန်မင်း နှစ်ပါးပဲ ဘရိတ်ပေါက်ပြီး ဝမ်းနည်းကြောင်း ပါလာတယ်။

အဲဒီ တစ်နပ်စား ဝန်မင်းကတော့ ထီခနဲဆို ကိုးချက် ချုပ်ရအောင် ကွဲတဲ့အထဲမှာ ထိပ်ဆုံးကပါပဲ။ သူ ထည့်လိုက်တဲ့ နာရေးကြော်ငြာလည်း ပါလာရော စတုတ္ထမနိုင် (အဲ ...) စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းတွေက လူကျွံဘောဖမ်းပြီး ဝိုင်းသမလိုက်တာ ကျန်တဲ့ ဝန်မင်းတွေ ကွင်းလယ် ပြန်ဆင်းပြီး ဝမ်းမနည်းရဲဘဲ အိမ်မှာသွားပြီး ကြိတ်ငိုကြရတယ်။

စာနယ်ဇင်းတွေကလည်း ပရိုမီးယားလိဂ် ပရိသတ်လို့ မပြောရဘူး။ လူကျွံတာနဲ့ ခရာမှုတ်ကြတာပဲ။ မူးယစ်ရာဇာကြီးနဲ့ ဘယ်လိုပတ်သက်

သလဲ၊ ဘယ်လိုအပေးအယူရှိလဲ၊ ဘာညာဆိုတော့ အရင် ဇာတ်လမ်းရှိခဲ့ ဖူးတဲ့ လူတွေ ဝရှုန်းသုန်းကားနဲ့ ကိုယ်ရှိန်သတ်လိုက်ကြတယ်။

ထူးဆန်းတာက အဲဒီ ရာဇာကြီးရဲ့ သားက မြန်မာ့စီးပွားရေးမှာ အကြီးဆုံး ခရိုနီကြီးလေ။ သူ့လက်နဲ့ ကင်းတဲ့ အရာရှိ မရှိသလောက်ဘဲ။

အခုတော့ ဘယ်သူတွေ ဘယ်လိုညှိလိုက်ကြသလဲမသိဘူး။ ဝမ်းနည်း ကြောင်း တစ်ယောက်မှ မထည့်တော့ဘူး။ ညီတာတော့ အတော်ညီ တယ်။ တို့တပ်ထဲမှာ ညာညီသလိုကို ညီတာ။


ဒါပေမဲ့ လူမမြင်ကွယ်ရာမှာ ငိုင်းငိုကြမယ် ဆိုတဲ့ ကိုယ်ပိုင် အသိ စိတ်ခံစားချက်တွေနဲ့ အဲဒီရာဇာကြီး အိမ်ကိုသွားပြီး ဖက်လိုက် ငိုလိုက်ကြ တာ။ အဲဒီအိမ်နားမှာ Lexus 570 ကားတွေ သီးသန့် ရောင်းတဲ့ Car Show Room ခြံကြီးလား ထင်သွားရတယ်။ အဲဒီကားအမျိုးအစားတွေ က ဘယ်သူတွေ စီးကြတာလဲဟင်။ ဆရာကြီး မောင်တိုး သိရင်လည်း ပြောပြပါဦး။

မြန်မာနိုင်ငံရဲ့ အကြီးကျယ်ဆုံး စီးပွားရေးအုပ်စုကြီးရဲ့ ခေါင်းကိုင် ဖခင်ကြီး သေတာကို ဘယ်သူမှ ဝမ်းမနည်းကြတာ အဲဒီ လူကြီးကပဲ တကယ်ပဲ မြန်မာပြည်အပေါ်မှာ တကယ် မိုက်ခဲ့ ဆိုးခဲ့လို့လား။ သူနဲ့ ပတ်သက် ဆက်နွှယ်ခဲ့ဖူးတာကို အရေးယူရမှာကို ကြောက်လို့လား။ စာနယ်ဇင်းတွေရဲ့ ဝေဖန်မယ့်ဒဏ်ကို မခံနိုင်ကြလို့လား။

ထူးတာကတော့ တော်တော့်ကို ထူးတယ် ဆရာကြီး မောင်တိုး။ ၆-၇- ၂၀၁၃ ရက်နေ့က ဆုံးသွားတာ ဟိုနှစ်ယောက်ကလွဲလို့ ဝမ်းနည်း ကြောင်း ဘယ်သူမှ မထည့်ရဲတော့ဘူး။ သွားလေသူ ဘဝသေ မင်းတြား ကြီးပဲ အသုဘချင်းယှဉ်ရင် သူ့ထက်သာသွားမှာစိုးလို့ မသေခင် ကြိုကြန် ထားတာလားလား အသေအချာ မသိရလေတော့ 'သူခိုးသေ မငိုဝံ့' ဆိုတဲ့ ခေါင်းစဉ်ကို ပြန်မြင်လိုက်ရင် ကောင်းမယ်ထင်တယ်။

'သူခိုးတွေ မငိုဝံ့' လို့။

# တော်လောက်ပါပြီ မင်းနေပြည်



အရုပ်သားအစိုးရအတွက်၊ ရွှေတိဂုံအတွက်၊
ကျိုက်ထီးရိုးအတွက်၊ ဗုဒ္ဓဂယာအတွက်၊
တောင်ကွဲစေတီအတွက်၊ ဆာဖာရီအတွက်၊
မြို့တော်ခန်းမအတွက် မြင်မြင်ရာ အတွက်ချည်းပဲ။
တိုင်းပြည်တကာ့ငွေတွေကို
ဆရာကြီးတို့ သဘောရှိ မနောဟီ လုပ်နေပေမဲ့
တိုင်းပြည်အတွက် ဘာအကျိုးမှ မရှိဘူး။
ငွေတွေကုန်ပြီး ပြည်သူတွေအတွက် ဘာမှ အဓိပ္ပာယ် မရှိတဲ့
တည်ဆောက်ရေးလုပ်ငန်းတွေကို တော်လောက်ပါပြီ ဆရာကြီးရယ်။

# တော်လောက်ပါပြီ မင်းနေပြည်

ဆရာကြီးမောင်တီး ...

အင်ဂျင်နီယာတပ်တွေရဲ့အကြောင်းပြောရင် ဆရာကြီးကို မေ့ထားလို့ မရဘူး။ ဆရာကြီး စားတဲ့၊ ဝါးတဲ့နေရာမှာ လက်သံပြောင်လွန်းလို့ ဦးကြွက်သိုး၊ အရာခံဗိုလ်ကြွက်သိုး ဘဝကနေ ဆရာကြီးမောင်တီးဆိုပြီး နာမည်တစ်လုံးနဲ့ ကျော်ကြားလာခဲ့တာ။ တပ်ရင်းမှူးအိမ်အသစ်ကြီးက တံခါးတွေ ပိတ်မရတဲ့ကိစ္စ၊ လှူပျို ဘားတိုက်အသစ်က မိုးယိုတဲ့ကိစ္စ၊ တပ်ရင်းရုံးရှေ့ ကွန်ကရစ်မြောင်းကူးတံတား ကျိုးတဲ့ကိစ္စ၊ ဗဟိုကင်းကို သွပ်အဟောင်းတွေ မိုးတဲ့ကိစ္စ ဆရာကြီး ဘယ်လိုရှင်းလိုက်လဲ။ ပိုင်တယ် ဆရာကြီးရာ။ အရာခံဗိုလ် အင်ဂျင်နီယာတွေထဲမှာ ဆရာကြီး တစ်ယောက်ပဲ ရွှေတောင်ကြားမှာ နေနိုင်တယ်။ ဆရာကြီး လစာနဲ့တော့ အံ့ဖွယ်သုတပါပဲ။

ဆရာကြီး အခု နေပြည်တော် တည်ဆောက်ရေးမှာ တတပ်တအား နှစ်တပ်နှစ်အား ပါဝင်တည်ဆောက်နေတယ် ကြားရတော့ ဆရာကြီးရဲ့ ခွင်တွေကို တွေးပြီး ဂဏန်းတွေ လက်ချိုးရေကြည့်တာ လက်နှစ်ဖက်နဲ့ မဆန့်ဘူး။ ဆွဲထား ဆရာကြီး၊ ဆွဲထား ဆရာကြီးရဲ့။ ဆရာကြီးမိတ်ဆွေ ဟိုတစ်ယောက်တော့ စားရင်း စားရင်း ကြက်သီးထလာလို့ ဆက်မစား တော့ဘဲ 'လောင်ကြိုင်' လိုင်းကြောင် လုပ်ပြီး အဆိုတော်လိုင်းဘက်

ကူးသွားပြီ။ ဆရာကြီးကတော့ မင်းသားလုပ်၊ ဒါမှမဟုတ် တီးဝိုင်း ခေါင်းဆောင်လုပ်။ ဆရာကြီးမောင်တီး ဆိုတော့ တီးဝိုင်းဆရာ ဆိုရင် နာမည်နဲ့လိုက်တယ်။

ဆရာကြီးတို့ခွင်က မိုက်တယ်။ အကုန်လုံး အတုတွေချည်း ဆောက်တယ်။ အစစ်နဲ့ မတူလို့လည်း ဘယ်သူမှ ပြဿနာမရှာဘူး။ ဒါကြီးက အတုကြီးပဲဆိုပြီး ဘယ်သူမှ စိတ်ဝင်တစားလည်း မရှိတော့ အချိုးအစား အရည်အသွေး မကောင်းလည်း ပြဿနာ မရှိဘူး။

အရပ်သားအစိုးရ အတု၊ ရွှေတိဂုံအတု၊ ကျိုက်ထီးရိုးအတု၊ ဗုဒ္ဓဂယာ အတု၊ တောင်ကွဲစေတီ အတု၊ ဆာဖာရီ အတု၊ မြို့တော်ခန်းမ အတု၊ မြင်မြင်ရာ အတုချည်းပဲ။ တိုင်းပြည်ဘဏ္ဍာ ငွေတွေကို ဆရာကြီးတို့ သဘောရှိ မနေ့ာဟိ လုပ်နေပေမဲ့ တိုင်းပြည်အတွက် ဘာအကျိုးမှ မရှိဘူး။ ငွေတွေကုန်ပြီး ပြည်သူတွေအတွက် ဘာမှ အဓိပ္ပာယ် မရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို တော်လောက်ပါပြီ ဆရာကြီးရယ်။

ဆရာကြီးကို ဗုဒ္ဓဂယာ ဘုရား ပွင့်ခဲ့တဲ့ နေရာကို လေယာဉ်လက်မှတ် အခမဲ့ပေးရင် ဆရာကြီး နီပေါက ဗုဒ္ဓဂယာကို သွားဖူးမလား၊ နေပြည်တော် ဗုဒ္ဓဂယာကို ဖူးမလား။ ဆရာကြီးမိန်းမ ဒေါ်စိန်ဘယက်ကိုပါ လက်တို့မေးကြည့်စမ်းပါ။ ဆရာကြီးမောင်တီးရေ … ပိုက်ဆံရရင် ပြီးရောဆိုပြီး ဇွတ်လုပ်မနေနဲ့။ အဲဒီ ဆရာကြီး ဆောက်ထားတဲ့ အတုကြီးတွေဆီကို လူဘယ်နှယောက် လာသလဲ။ စာရင်းလေး ဘာလေး ကောက်ကြည့်ဦး။ ကျွန်တော်တို့က ဆရာကြီးတို့ လုပ်သမျှ ခံနေရတာ။

နေပြည်တော်က ဟိုတယ်တွေမှာ ၃၆၅ ရက်မှာ ငါးရက်ပဲ ဧည့်သည်ရှိတယ်။ ကျောက်မျက်ပြပွဲရှိလို့ လာတာ။ ဟိုတယ်ပိုင်ရှင်တွေ ညည်းတာမှ ခိုက အဖေခေါ်ရတယ်။ မတော်မတည့်တွေ ရပ်တန်းက ရပ်ရင် ကောင်းမယ်။

ဆရာကြီး မောင်တီး … ဈေးဝယ်သူ မရှိတဲ့ နေရာမှာ ရှော့ပင်း

စင်တာတွေ ဆောက်တယ်။ လူနာတွေ မရှိတဲ့နေရာမှာ ခုတင် ၁၀၀၀ ဆေးရုံဆောက်တယ်။ လမ်းလေးခွဆုံရင် သခွပ်ပွင့်လိုလို၊ ပဒိုင်းပွင့်လိုလို ပုံမကျ ပန်းမကျ အဝိုင်းကြီးတွေလုပ်တယ်။ ဆင်းရဲသား ပေါတဲ့နေရာမှာ ဘဏ်တွေ လှိမ့်ဆောက်တယ်။ ဆရာကြီးတို့ ခွင်ဆင်နေတာတွေကို သိရဲ့ သားနဲ့ ပြောလို့ မရတော့ စာနယ်ဇင်းတွေကနေပဲ ရင်ဖွင့်ရတယ်။ ဒါ ပြည်သူ့ဆန္ဒအမှန်ပဲ။

ဖြည်းဖြည်းလုပ်ပါ ဆရာကြီး မောင်တီး။ နောက်သုံးနှစ်ဆို အဲဒီ နေရာမှာ ကျိုးနဲ့ ဖုတ်ဖုတ်ဖြစ်တော့မှာ။ ရွှေတိဂုံသမိုင်းကို ဖတ်ကြည့်ဦး။ ပေဒင်ဆရာ တည်ထားတာ မဟုတ်ဘူး။ တဖုဿနဲ့ ဘလ္လိက ကုန်သည် ညီနောင်က ဘုရားရဲ့ဓာတ်တော် လေးမျိုးနဲ့ ဌာပနာပြီး တည်ထားတာ။ ဘုရားပွင့်ခဲ့တဲ့နေရာကို အတုလုပ်တာလည်း ဘယ်ပြည်သူက ဒီနေရာကို ဘုရားပွင့်ခဲ့တဲ့ နေရာ ဆိုပြီး စိတ်က ရည်စူးပြီး လာမှာလဲ။ စာမတတ် ပေမတတ်တဲ့ ကျေးလက်ပြည်သူတွေကိုတော့ ဆရာကြီးတို့ လှည့်လို့ရ မှာပေါ့။

ဆရာကြီးကတော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုသလိုပဲ နေပြည်တော် ဆောက်လေ ဆရာကြိုက်လေပဲ။ ဘုရင်ရှူး ရှူးနေတဲ့ လူ တစ်ယောက် စသွားတဲ့ ဇာတ်လမ်းက မဆုံးနိုင်တဲ့ ဂမုန်းခိုင်ဖြစ်နေပြီ။ လွှတ်တော်တဲ့၊ လွှတ်တော်ထဲမှာတောင် ဘတ်ဂျက်ခွဲရင်း နပန်းထလုံး ကြရသေးတယ်။ လွှတ်တော်ထဲသာ ဒီမိုကရက်တွေ ရောက်မလာရင် တော့ 'နေပူတော်'က ကြွေးပူတော်ဖြစ်မယ့်ကိန်း ဆိုက်သွားလိမ့်မယ်။

ဆရာကြီးမောင်တီး ...

ဆယ့်နှစ်ကြိုးကကွက်တွေနဲ့ ဆယ့်နှစ်လမ်းသွားလမ်းတွေဖောက်ပြီး မြှောက်မနေနဲ့။ နှုတ်မိန့်နဲ့ ဖွတ်ဆောက်ပြီး ဘတ်ဂျတ်တွေ ဖြုတ်တောက် လိုက်ရင် အုတ်သဲကျောက်ကြွေးတွေ မဆပ်နိုင်လို့ တရားစွဲခံရပြီး ထောင် ကျနေဦးမယ်။ ဆရာကြီးတို့ မီးကုန်ယမ်းကုန်အောင် ဆောက်ခဲ့ကြတဲ့ မင်းနေပြည်တော်ကြီးမှာ ဘယ်လောက်ကြာကြာ စိုးစံကြမလဲ ဆိုတာ

## အရမ်းသန်းညွန့်

၂၀၁၅ ပြီးရင် ကွဲကွဲပြားပြား သိရတော့မှာမို့ အိန္ဒြာကျော်ဇင်ရဲ့
ခေါက်ဆွဲထုပ်ကြော်ငြာ လေပေါက်နဲ့ ပြောရရင် ...
"သုံးမိနစ်ပဲစောင့်" အဲအဲ ...
"သုံးနှစ်ပဲ စောင့်ပါ" ဆရာကြီးရေ။

# ဒဏ္ဍာရီထဲက ယက်တော



Made in USA ဆိုရင် ဂက်စ်ပီးခြစ်တောင်
မင်္ဂလာဒုံ လေဆိပ်က ဖမ်းသိမ်းထားတဲ့ ကာလမှာ
ခင်ဗျားက အရှင်လတ်လတ်ကြီး
မင်္ဂလာဒုံ လေဆိပ်ကနေ ဝင်ချလာတာ အံ့ဖွယ်သုတပဲ။
၂၄ နာရီ ပိတ်ထားပြီး ဘယ်ရီဂိတ်တွေ ချထား
ကွန်မန့်ဒို လည်ပီးအနီတွေနဲ့ ရင်ဘောင်တန်း ကာထားတဲ့
တက္ကသိုလ်ရိပ်သာလမ်းက ခင်ဗျားအတွက်ကျတော့
ပျင်းတောင် ပျင်းသေးတယ် ဖြစ်သွားတယ်။

## ဒဏ္ဍာရီထဲက ယက်တော

မိုးကျရွှေကိုယ်ကြီး မစ္စတာယက်တောရေ …

ခင်ဗျားကတော့ အမေရိကန်နိုင်ငံရဲ့ စိတ္တဇဆေးရုံတစ်ခုမှာပဲ ဆေးကုသခံနေသလား၊ သရုပ်ဆောင်ခ ကြေးကြီးကြီး ရလို့ ဟာဝိုင်ရီမှာပဲ ကော့တေးလ် တစ်ခွက်နဲ့ ငြိမ့်နေသလား။ ကျွန်တော်တို့ကတော့ ရွှေကောက်ပွဲနီးတိုင်း သတိရမိတယ်။ ၂၀၁၃ SEA Game မှာ မြန်မာပြည်အတွင်း ရေကူးနည်းပြ ငှားမယ်ဆိုတော့ ခင်ဗျားဘယ်မှာရှိမလဲ လိုက်လံစုံစမ်းကြသေးတယ်။

ရန်ကုန်မြို့လယ်ခေါင်က အင်လျားကန်ထဲမှာ လုံခြုံရေး အစောင့်အရှောက်တွေ တင်းကျပ်ထားတဲ့ ကျွန်တော်တို့ လူထု ခေါင်းဆောင် အန်တီစုအိမ်ထဲကို ရေကူးပြီး လူမသိအောင် ဝင်ခဲ့တဲ့ ခင်ဗျားရဲ့ ရေကူးပညာစွမ်းက အံ့မခန်းပါပဲ။ ရဲတွေ၊ ထောက်လှမ်းရေးတွေ မသိအောင် ကူးနိုင်ခဲ့တဲ့ ခင်ဗျားရဲ့ ရေကူးညင်သာပုံ၊ လူမမြင်နိုင်အောင် ကူးနိုင်တဲ့ ရေကူး လျင်မြန်ပုံတွေက ကျွန်တော်တို့အတွက် Sea Game မှာ ရွှေတံဆိပ်တွေ ယူဆောင်ပေးနိုင်မယ်ဆိုတာ ငြင်းစရာမရှိဘူး။

ငြင်းစရာရှိတာက ၂၀၁၀ ရွေးကောက်ပွဲ နီးကာမှ ခင်ဗျား ရုတ်တရက် ပေါ်လာတာရယ်၊ ခင်ဗျားရေကူးလာတုန်းက မမိဘဲ ပြန်ထွက်မှ မိတာရယ် အဲဒါတွေက အငြင်းပွားစရာ ဖြစ်နေတယ်။ ကျွန်တော်တို့

ပြည်သူတွေက ဒီအဆင်ကို ကြည့်လိုက်တာနဲ့ မိုက်တီးရဲ့ ရိုက်ချက်လား၊ မောင်မျိုးမင်းရဲ့ ရင်တွင်းဖြစ်လား ဒက်ခနဲသိတယ်။ မင်းသားကြီး ယက်တောရေ … ခင်ဗျားရဲ့ ဒါရိုက်တာက တော်တယ်ဗျ။ ဇာတ်ဆောင် ရွေးတဲ့နေရာမှာ ကွက်တိပဲ။ အဲဒီ ဇာတ်ညွှန်းထဲမှာ ရေကူးမယ့်သူ ရွေးချယ်တဲ့ နေရာမှာ Made in USA ကို ရွေးလိုက်တာ နည်းတဲ့ ဦးနှောက် မဟုတ်ဘူး။ ကမ္ဘာ့ရေကူးပြိုင်ပွဲမှာ ကျွန်တော်တို့အိမ်နီးနားချင်း China က ရွှေတံဆိပ်တွေ သိမ်းကျုံးယူပေမဲ့ ဒါရိုက်တာက တရုတ်တွေကို မငှားဘူး။ ကျွန်တော်တို့ ရွှေမြန်မာတွေ ချက်ချင်းဓာတ်ပေါက်သွားမယ်။

ဆရာကြီးတွေက လုပ်စားနေတာ ကြာပြီ။ သူ့တပည့်တွေကလည်း ဘီလုံးနာတွေဆိုတော့ ခင်ဗျားကို မက်လောက်အောင်ပေးပြီး ကျွန်တော်တို့ ဇာတ်လမ်းထဲမှာ ဆွဲသွင်းလိုက်တယ်။ ခင်ဗျားကလည်း မဆိုးဘူး။ ထောက်လှမ်းရေးက စစ်တော့ ဓာတ်လိုလို နတ်လိုလိုနဲ့ ရှုးချင်ယောင် ဆောင်ပစ်လိုက်တယ်။ တကယ်ပဲ ကျွန်တော်တို့ရဲ့အန်တီစုကို လုပ်ကြံ မယ့်သူတွေ ရှိနေတယ် ဆိုလား၊ တစ်ယောက်ယောက်က ဘေးကနေ လာလာ ပြောနေတယ် ဆိုလား၊ အန်တီစုအတွက် စိတ်ပူတယ်ဆိုလား။ သရုပ်ဆောင် တော်လွန်းတော့ ဟောလိဝုဒ်က စတား တစ်ယောက် ယောက်များလား ထင်ရတယ်။ ခင်ဗျာ ကို အင်္ဂလန်က MI 7 ဂျိန်းဘွန်း ကတောင် မီမယ်မထင်ဘူး။ ဂျိန်းဘွန်းမင်းသား အသစ်ရွေးချယ်တုန်းက ခင်ဗျား ဝင်မရွေးမခံလို့ ဒင်နီယယ်ခရောက် မင်းသားဖြစ်သွားတာပါ။

Made in USA ဆိုရင် ဂက်စ်မီးခြစ်တောင် မင်္ဂလာဒုံ လေဆိပ်က ဖမ်းသိမ်းထားတဲ့ ကာလမှာ ခင်ဗျားက အရှင်လတ်လတ်ကြီး မင်္ဂလာဒုံ လေဆိပ်ကနေ ဝင်ချလာတာ အံ့ဖွယ်သုတပဲ။ ၂၄ နာရီ ပိတ်ထားပြီး ဘယ်ရီဂိတ်တွေ ချထား၊ ကွန်မန်ဒို လည်စီးအနီတွေနဲ့ ရင်ဘောင်တန်း ကာထားတဲ့ တက္ကသိုလ်ရိပ်သာလမ်းက ခင်ဗျားအတွက်ကျတော့ ပျင်း တောင် ပျင်းသေးတယ် ဖြစ်သွားတယ်။

ခင်ဗျားက ရောက်အောင်ဝင်၊ အန်တီစုက လက်ခံ၊ အစိုးရက သိသွား၊ တရားမဝင် နိုင်ငံခြားသား လက်ခံမှုနဲ့ အန်တီစုကို ထောင်ချ၊ ရွေးကောက်ပွဲ ဝင်လို့မရ၊ ရွေးကောက်ပွဲပြီးမှ ပြန်လွှတ်ပေး။ အဲဒီဇာတ်

ညွှန်းကို ဘယ်သူရေးတာလဲ။ ဒါရိုက်တာ ဘယ်သူလဲ။ စတီဗင် စပီးဘတ် ထက် သာတဲ့ ဒါရိုက်တာ မြန်မာပြည်မှာ ရှိသလား မင်းသားကြီးရေ ပြောပြပါဦး။

ကျွန်တော်တို့ မြန်မာပြည်က မီဒီယာတွေ လွတ်လပ်ပွင့်လင်းလာပြီ ဗျ။ ရန်ကုန်ကို တစ်ခေါက်လောက် လာခဲ့ပါဦး။ လေဆိပ်မှာ ကင်မရာ မင်းတွေရဲ့ ဓာတ်ပုံဖလက်ရှ်မီးရောင်အောက်မှာ ခင်ဗျား မျက်စိစုံလုံး ကန်းသွားအောင် ဝိုင်းရိုက်ကြလိမ့်မယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ လေဆိပ် ကနေ အပြင်မရောက်ခင်မှာပဲ ခင်ဗျား စနိုက်ပါနဲ့ တွေ့သွားနိုင်တယ်။ တက္ကသိုလ်ရိပ်သာလမ်းကိုတောင် ရောက်မှာမဟုတ်ဘူး။ သတိပေးတာ နော်။

၂၀၁၅ ရွေးကောက်ပွဲမှာ ခင်ဗျား ဘယ်မှာ ရေကူးမှာလဲ။ ငလိုက် ဆည်မှာလား၊ မြောက်နဝင်းဆည်မှာလား။ နေပြည်တော်က ကုန်းခေါင် ခေါင် ဆိုတော့ ခင်ဗျား ဘယ်မှာကူးမလဲ။ ဒီတစ်ခါ ဇာတ်လမ်းအသစ် ကလေး ကြည့်ချင်တယ်။ ခင်ဗျားသရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းကို ကမ္ဘာ ကျော် ဒါရိုက်တာတွေကို ပြန်ပြောပြပြီး ကမ္ဘာကျော်ဇာတ်ကားတစ်ကား ဖြစ်အောင် ဖန်တီးရင် ခင်ဗျားအတွက် နောက်ထပ် ငွေရပေါက်တစ်ခု ဆိုတာလည်း မမေ့နဲ့ဦး။

ခင်ဗျား ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မြန်မာ့နိုင်ငံရေး ဇာတ်ကြမ်းကား ကြီးက အခုတော့ ဇာတ်ပေါင်းခန်း ရောက်ခဲ့ပြီ ကိုယက်တောရေ။ ဒါပေ မဲ့ ကျွန်တော်တို့က မေ့မရလွန်းလို့ အစ ပြန်ဖော်လိုက်ပေးလိုက်တာ။ ရွေးကောက်ပွဲ နီးလာရင် သတိထား စောင့်ကြည့်နေရတဲ့ ကျွန်တော်တို့ အတွေးအိမ်ထဲက ခင်ဗျားကို ဆွဲထုတ်လို့မရဘူး။ ဒါဟာ သမိုင်းတစ်ခုမို့ လား။ လိမ်တယ်ဆိုရင်လည်း အဲဒီလို အကွက်စေ့နေမှ ဂန္ထဝင်မြောက်မှာ မဟုတ်လား။

ဒဏ္ဍာရီဆန်ဆန် ရောက်လာပြီး ဒဏ္ဍာရီဆန်ဆန် ပျောက်ကွယ် သွားတဲ့ ကိုယက်တောရေ ... နိုင်ငံရေးပုဆစ်အိမ်ထဲမှာ သပွတ်အူထဲက ရယ်စရာ အဖြစ်အပျက်တွေ သယ်ဆောင်လာတဲ့ ခင်ဗျားကို ကျွန်တော်

အမေရိကားရောက်တဲ့အခါ လာတွေ့ပါရစေ။ ခင်ဗျားဟာ ကျွန်တော်တို့အတွက် တကယ့်အဖြစ်အပျက်လား၊ ဒဏ္ဍာရီလားဆိုတာ ကျွန်တော်တို့အားလုံး ဒွိဟဖြစ်နေကြတယ်။ ခင်ဗျားနဲ့တွေ့မှ ဒီဇာတ်လမ်းက ရှင်းမှာ။ ကိစ္စတွေလည်း ပြီးသွားပြီမို့ ဆက်ပြီး ရှုးချင်ယောင်ဆောင်မနေပါနဲ့ ကိုယက်တောရယ်။ ကျွန်တော်တို့အတွက် Best Seller ဖြစ်မယ့် ဇာတ်လမ်းလေး တစ်ပုဒ်လောက် လက်သိပ်ထိုး ပြောပြပါဦး။ ကျွန်တော်တို့မှာ ဖွစရာမရှိ ဖြစ်နေလို့ပါ။

# ရောသမမွှေ ဆင်းကတ်



ငွေဖြည့်ကတ်လုပ်တဲ့ ကုမ္ပဏီကို
အမေရိကန်၊ ဥရောပ၊ တရုတ်၊ အာဆီယံ
တယ်လီကွန်းကုမ္ပဏီစာရင်းမှာ
အပြေးအလွှား ရှာကြည့်တယ်။
မက်တဲလ်ကို မတွေ့ဘူး။
ဘယ်တွေ့မလဲ ပြည်တွင်းဖြစ်ကြီးပဲ။

## ရောသမမွှေ ဆင်းကတ်

ကိုသားစိုးရေ …

ကမာရွတ်က ဒေါ်ကုလားမ ပြောသလို ကိုသားစိုး ရောမွှေတာတွေ ရပ်ပါတော့လို့ပဲ ပြောလိုက်ပါရစေ။ ကိုသားစိုး Electro Music နဲ့ နတ်ဒိုးကို ရောသမမွှေလိုက်တာ တစ်တိုင်းပြည်လုံး ရောသမမွှေ ဖြစ်ကုန်ပြီ။ ပိုဆိုးတာက နေပြည်တော်သကြန်မှာ ကိုကြီးကျော်၊ သားစိုးနဲ့ ဖိုးချစ် သီချင်းတွေ ခဏခဏ ဖျော်ဖြေနေတော့ နေပြည်တော်က ဆရာတွေ အတုမြင် အတတ်သင် ဖြစ်ကုန်ပြီး ပြည်သူ့အတွက် ဘာပဲ လုပ်ပေး လုပ်ပေး နည်းနည်းတော့ မွှေလိုက်ရမှ ကျေနပ်တယ်။

ကိုသားစိုး မွှေတာက နားထောင်လို့ ကောင်းပေမဲ့ သူတို့မွှေတော့ နားထောင်လို့ မကောင်းဘူး။ ပြည်သူတွေဆီက အသံတွေ မျိုးစုံကြားနေရတယ်။ မွှေတာကလည်း ကောင်းသောမွှေခြင်းဖြစ်ဖို့ လိုတယ် မဟုတ်လား။ ပိုကောင်းအောင်၊ ပိုအဆင်ပြေအောင် မွှေတာဆိုရင်တော့ ကြိုဆိုရမှာ ဖြစ်ပေမဲ့ အခုမွှေတာက ဆင်းရဲသားတွေအတွက် ကပ်သီးကပ်သပ် ဒုက္ခပေးသလိုဖြစ်နေလို့ ဆင်းကတ်ကိုတောင် နာမည်ပြောင်းရတော့မလို ဖြစ်နေတယ်။

'ဆင်းရဲသားတွေကို ဒုက္ခပေးတဲ့ ကတ်' လို့။

မြန်မာပြည်မှာက သွားတိုက်ဆေးနဲ့ ဖယောင်းတိုင် တွဲသလားတွဲရဲ့၊ သက်သာဆပ်ပြာနဲ့ အပ်ချည်လုံး တွဲသလား တွဲရဲ့။ ဘာတစ်ခုမှ ကောင်း

ကောင်းမွန်မွန် လွယ်လွယ်ကူကူနဲ့ မရဘူး။ အကျင့်ကို ပါလို့။ ဆင်းကတ် ရောင်းတာ ဘယ်က ဘယ်လို ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပါလာတာလဲ။ နိုင်ငံတကာမှာ ရောင်းနည်းတွေနဲ့ နည်းနည်း ဖွပြမယ်။ ကွမ်းယာဆိုင်၊ စတိုးဆိုင် အသေး၊ ကုန်စုံဆိုင် ... ဘယ်နေရာမှာမဆို ဆင်းကတ်ကို ကြိုက်သလို ဝယ်လို့ ရတယ်။ ဘာအထောက်အထားမှ မလိုဘူး။ အခု ဝယ်၊ အခု ဟန်းဆက်ထဲထည့်၊ ချက်ချင်းပြော။ အဲဒီလောက် လွယ်တာ။ ဆိုင်ရှင်က ဆင်းကတ်လာဝယ်တဲ့လူကို သွားဖြဲနဲ့ ဖားယားပြီးရောင်းတာ။ ဖုန်းနံပါတ် ဖတ်ကြည့်ပြီး မကြိုက်ရင် ပြန်ပေးပြီး လှည့်ထွက်လာခဲ့လို့ ရတယ်။ ဝယ်သူက အထက်စီးက၊ ရောင်းသူက အောက်က။

ဒီမှာတော့ ဇောက်ထိုး။ ဝယ်သူက မျက်နှာငယ်နဲ့။ အုပ်ချုပ်ရေးမှူးနဲ့ အဆင်မပြေလို့ကတော့ ဒီတစ်သက်လုံး ဖုန်းပြောဖို့ မစဉ်းစားနဲ့။ သမ္မတ ကြီးကလည်း တပည့်သားမြေးကို တော်တော် စောင့်ရှောက်ရှာတယ်။ ရပ်ကွက် အုပ်ချုပ်ရေး ဝန်ထမ်းတွေအတွက် အနည်းဆုံး ပိုက်ဆံ မရ တောင် ပါဝါတက်အောင်တော့ လုပ်ပေးရှာတယ်။

သမ္မတကြီးက သတ္တိလည်း ကောင်းတယ်။ အောက်ခြေက အုပ်ချုပ် ရေး ဝန်ထမ်းတွေကို ယုံယုံကြည်ကြည်နဲ့ ခိုင်းရဲတာနဲ့ပဲ သတ္တိမဟုတ်ဘူး။ သူတို့မွေ့ရင် မွေ့သလောက် ဆင်းကတ်က ရေစုံမျောပြီး ဆင်းကတ်တစ်ခု ဝယ်ရင် ဝင်းသူဇာက ရွှေဝါဆပ်ပြာ ဘယ်နှတောင့် တွဲဝယ်မှ ရမယ်။ ဆင်းကတ်တစ်ခုကို ဆင်ချေးတုံးဆပ်ပြာ တစ်သေတ္တာ တွဲဝယ်မှရမယ် ဆိုရင်တော့ သေပြီဆရာ။

ဆင်းကတ်လက်ထဲရောက်ပြီးလို့ ဒုက္ခငြိမ်းပြီဆိုပြီး ပျော်မယ်မကြံနဲ့။ တို့ပြည်သူတွေ မသုံးဘဲနဲ့ ၂၅၀၀ ထပ်ကုန်မယ်။ ပြီးတော့ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေက ဟန်းဆက်ကို ဈေးတင် ရောင်းပြလိမ့်ဦးမယ်။ တချို့ ရပ်ကွက်မှာ ဟန်းဆက် အပြီးအစီး ၆၀၀၀၀ ဆိုလား၊ ခွင်တွေ အဆင်တွေကတော့ လာထား အာဘွား။

ဆင်းကတ်နဲ့ ဟန်းဆက် လက်ထဲရောက်ရင် ဒုက္ခက အဲဒီနေရာက စမှာ။ မပြောဘဲနဲ့ ပိုက်ဆံက အော်တိုကုန်မှာ။ တလလောက ၅၀၀၀

တန် ငွေဖြည့်ကတ်တွေ မပြောဘဲနဲ့ ကုန်ကုန်သွားတယ်ဆိုပြီး စိတ်ပျက် ငြီးငွေ့သူတွေ အခု လာတော့မယ် ကိုသာဆိုး။ ငွေဖြည့်ကတ်လုပ်တဲ့ ကုမ္ပဏီကို အမေရိကန်၊ ဥရောပ၊ တရုတ်၊ အာဆီယံ တယ်လီကွန်းကုမ္ပဏီ စာရင်းမှာ အပြေးအလွှား ရှာကြည့်တယ်။ မက်တဲလ်ကို မတွေ့ဘူး။ ဘယ်တွေ့မလဲ ပြည်တွင်းဖြစ်ကြီးပဲ။ ဖုန်းပြောခ ချက်ချင်းကုန်တာတွေ၊ အသံတွေ မကြားရ၊ လိုင်းတွေပူးနေတာတွေ လုံးဝမဖြစ်စေရဘူး။ အဲဒီ အဖွဲ့က အစဉ်အလာ ရှိတယ်။ ဝါးတစ်ပြန် နက်တဲ့ ရေနက်ကွင်းမှာ တောင် စပါးရအောင် စိုက်ခဲ့တဲ့ မြန်မာ စီးပွားရေး ကော်ပိုရေးရှင်းပဲ။ ဒီလောက်တော့ ပျင်းတောင်ပျင်းသေးတယ်။

ပြည်တွင်းဖြစ်ကို အားပေးတာ ကောင်းပါတယ်။ မြန်မာ့နည်းပညာနဲ့ ထုတ်လုပ်တဲ့ ဖုန်းကတ်ကို တွဲရောင်းသင့်တဲ့ ပစ္စည်းပါ စဉ်းစားပေးလိုက်တယ်။ ဒါလည်း မြန်မာ့နည်း မြန်မာ့ဟန်ပါ။ လိပ်ခေါင်းဆေးနဲ့ ဖုန်းကတ် တွဲရောင်းရင် ရဲရဲ အော်ပြောနိုင်တာပေါ့။ ကြားလား/ ကျားလား/ခြသေ့်လား၊ မင်းအသံ မင်းကြားလား၊ ငါ့အသံ ငါကြားတယ် ဆိုပြီး တစ်နိုင်ငံလုံး ဖုန်းကိုယ်စီနဲ့ ကျွက်ကျွက်ညံနေမှာ မြင်ယောင်မိသေးတယ်။ ဟဲလို ... ဟဲလို တစ်ထောင်ဖိုး မကြားရဘူး တစ်ထောင်ဖိုး၊ ကြားပြီ ကြားပြီ၊ ၅၀၀ ဖိုး ပြောပြီးရင် ဖုန်းကတ် အသစ်ထည့်ပေတော့။

ဟိုးအရင်တုန်းက လူတစ်ယောက်ကိုမုန်းရင် ကင်မရာ လက်ဆောင် ပေးလိုက်တဲ့။ အခုခေတ်တော့ ဖုန်းကတ် ဝယ်ပေးလိုက်လို့ ပြောရတော့မယ်။ မစားရ မသောက်ရနဲ့ ပိုက်ဆံကုန်ကုန်သွားမှာကို ကြိုသိနေတယ်။ တို့ပြည်သူတွေရဲ့ ပိုက်ဆံတွေ ဘယ်သူတွေ သိမ်းကြုံးယူမလဲဆိုပြီး စစ်စစ် ပေါက်ပေါက် ကြည့်လိုက်တော့ မျိုးချစ်စိတ်နဲ့ ကျိတ်ကျေနပ်မိတယ်။ လူကြီးတွေက ကောင်းစေချင်လို့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုပြီး စီစဉ်တာ နာခံရတော့မှာပေါ့။ နိုင်ငံခြား ကုမ္ပဏီ မဟုတ်ရင် ပြီးတာပဲ။ တိုင်းတစ်ပါး ကုမ္ပဏီတွေရဲ့ လက်ထဲ တို့ဆင်းရဲသားတွေရဲ့ ပိုက်ဆံ မရောက်အောင် ကြိုတင်ကာကွယ်ထားတဲ့ သမ္မတကြီးကို ကျေးဇူးတင် ပါတယ်။

မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဆိုတာ ဒုတိယ ဦးပိုင် ဆိုပေမဲ့ သမ္မတကြီးကို လွတ်လပ်စွာ ကျေးဇူးတင်ချင်လွန်းလို့ ဖုန်းကတ်တွေကို လည်း လွတ်လပ်စွာ လမ်းဘေးမှာ ရောင်းပေးစေချင်တယ်။ အခုရောင်း တဲ့ ရောသမမွှေ ရောင်းနည်းကတော့ ကောင်းတော့ကောင်းတယ်၊ မျက်စိ စပ်တယ် ဆိုရင် လွန်မယ်မထင်လောက်ပါဘူးနော်။

# ခရိုနီမိတ်ဆက်



ခုနိုင်ငံတွေ ခေတ်ကုန်ခါနီးတော့
သူငယ်ချင်းလည်း သတိထားပေါင်းဦးနော်။
မုန့်ဝေတဲ့ခေတ်က ကုန်သွားပြီ။
တုတ်ဝေတဲ့ခေတ်ကျမှ
ငါ့သူငယ်ချင်း
ကံဆိုးသူ မောင်ရှင် ဖြစ်နေဦးမယ်။

## ခရိုနီမိတ်ဆက်

သူငယ်ချင်းရေ ...

အခုတလော ရေပန်းစားနေတဲ့ စကားလုံးတွေထဲမှာ 'ခရိုနီ' ဆိုတဲ့ စကားကို သာမန် အရပ်သားတွေက နားမလည်ကြဘူး။ မင်းကတော့ နားလည်မှာပေါ့။ ခရိုနီ အကောင်သေးသေးလေးတွေ ဆိုရင် မင်းနဲ့ တောင် မကင်းရာ မကင်းကြောင်း ဖြစ်ချင်ဖြစ်နေမှာ။ တပ်က အရာရှိတွေနဲ့ ခရိုနီဆိုတာ စွယ်တော်ရွက်တွေလို ကြီးကြီးနဲ့သေးသေးပဲကွာတာ။ ဘာကိုပြောမှန်းမသိတဲ့ အရပ်ထဲကလူတွေ နားလည်အောင် ပြောပြချင်လို့ -ဒီစာကို ရေးလိုက်တာပါ။

မြန်မာ စာပေ ကျမ်းဂန်တွေကို အတင်း လှန်လှောပြီး ပေါရာဏ ဝေါဟာရ ဒီပနီ ဖွင့်လိုက်ရရင်တော့ မြန်မာစကား ခရိုနီ ဆိုတာ သူ့ရဲ့ မူလစကားလုံး 'ခိုးနီ'က ဆင်းသက်လာတာပေါ့။ နိုင်ငံရေး စကားလုံးဟောင်းတွေထဲမှာ အလံနီ၊ ရဲနီ ဆိုပြီး ကိုယ်ယုံကြည်ရာကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား လုပ်တတ်တဲ့သူတွေကို နာမည်ပေးထားသလိုပေါ့။ သေရဲတာ အလံနီ၊ သတ်ရဲတာ အလံနီ၊ ရဲနီကျော်ဝင်း အစရှိသဖြင့် ရဲရင့်တဲ့ သွေး၊ နီရဲတဲ့သွေး ဆိုပြီး အနီရောင် ရဲရင့်ခြင်းနဲ့ တွဲဖက်ပြီး လူသုံးများခဲ့ကြတော့ ခိုးရဲတာ ခိုးနီပေါ့ကွာ။

ခိုးနီကတော့ နည်းနည်းပိုကြမ်းတယ်။ ပြည်သူ သန်း ၆၀ ပိုင်တဲ့

ငွေတွေ၊ ပစ္စည်းဥစ္စာတွေ၊ မြေတွေကို ကြမ်းကြမ်းရမ်းရမ်း ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ရဲရဲတင်းတင်း ခိုးယူပြီး သူ့အပေါင်းအသင်းနဲ့ အသိုင်းအဝိုင်း ကောင်းစားရေးအတွက် မျက်နှာပြောင်ပြောင်နဲ့ ခိုးယူခဲ့တဲ့သူတွေကို ခိုးနီလို ခေါ်ဝေါ်ကြတာပေါ့။ ကာလရွှေ့လျောပြီး စကားလုံး ပြောင်းလာရာက ခိုးနီ-ခိုနီ-ခရိုနီ ဆိုပြီး ဖြစ်ပေါ်ခဲ့ရတာပါ။

အင်္ဂလန် ပရီမီးယားလိဂ်က သရဲနီ၊ ကြိုးကြာနီတို့နဲ့တော့ သွားမနှိုင်းနဲ့ကွ။ နံ့သာဆီနဲ့ အီးလို ကွာတယ်ကွ။ သရဲနီလို့ ခေါ်တဲ့သူက တို့ရဲ့ ဘောလုံးစကားတွေလည်း ချမ်းသာတာပဲ။ ဒါပေမဲ့ သမ္မာ အာဇီဝနဲ့ ကြီးပွားတဲ့သူနဲ့ အဂတိ လိုက်စားပြီး ကြီးပွားတဲ့သူတော့ ကွာတယ်ကွ။ သရဲနီတွေ၊ ကြိုးကြာနီတွေ သယ်သွားသွား မျက်နှာပန်းလှတယ်။ ဝိုင်းဝန်းနှုတ်ဆက်ကြ၊ အော်တိုရေးခိုင်းကြနဲ့။ ခရိုနီတွေကတော့ ဘယ်သွားသွား ဘာလုပ်လုပ် ကုပ်ချောင်းချောင်းနဲ့ကွ။ ပိုင်ဆိုင်မှုတွေ၊ ငွေတွေလည်း စင်ကာပူဘဏ်မှာ သွားဝှက်ထားရတယ်။ ပြစ်မှုအဟောင်းတွေ ပြန်ဖော်ပြီး ဘယ်တော့ ငါ့လာဖမ်းမလဲ ဆိုပြီး တထိတ်ထိတ်နဲ့ပါကွာ။

ခိုးနီတွေ ကောင်းစားတုန်းကတော့ ကြမ်းသလားမမေးနဲ့မောင်ရေ။ ရေနံ၊ ဓာတ်ငွေ့၊ ကျောက်သံပတ္တမြား၊ ငွေ၊ ရွှေ၊ သတ္တု၊ ကျွန်းသစ်၊ လယ်ယာမြေ၊ မြေလွတ်မြေရိုင်း၊ မြို့ပေါ်ကမြေ၊ ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်၊ ကန်ထရိုက်လုပ်ငန်း အားလုံး၊ အင်ပို့ ပစ္စည်း သွင်းခွင့်၊ စက်ယန္တရားသွင်းခွင့်၊ ငါးပုစွန် ရေထွက်ပစ္စည်း တင်ပို့ခွင့်၊ ငှက်သိုက်ရှာခွင့် ဘာတစ်ခုမှ မချန်ဘူး အကုန်စားတာပဲ။ သူတို့ အစားကောင်းလို့ ငါတို့ မြန်မာပြည် ဒေဝါလီ ခံလိုက်ရပြီး ပြည်ပကြွေးမြီ ၁၄၀,၀၀,၀၀၀,၀၀၀ အမေရိကန်ဒေါ်လာ ကြွေးတင်သွားတယ်။ မှတ်ကရော။

အလံနီ သခင်စိုးကြီးရဲ့ ဆင်စွယ်ရှာ လူသတ်မှုကို ဖတ်လိုက်ရတော့ ကြက်သီးထလောက်အောင် ကြောက်စရာကောင်းပါလားလို့ ထင်မိပေမဲ့ ခရိုနီတွေ သတ်လိုက်တာ လူဦးရေ သန်း ၆၀ လုံး ဘဝတွေ အကုန်သေပါပကောလား။ ခိုးနီတွေ အသားကုန်ခိုးပြီး ခြေကုန်လက်ပန်းကျ၊ တိုင်းပြည်လည်း လန်ကွတ်တီ ဖြစ်သွားတော့မှ ဒီမိုကရေစီခေတ် ပြောင်းလိုက်တော့ အရင်ကလောက် ခိုးလို့မကောင်းတော့ဘူး။ သူခိုးအားပေး

တွေလည်း မရှိတော့၊ ခွင်တွေကလည်း ပျက်သွားတော့ မခိုးရရင် မနေနိုင်တဲ့ ခိုးနီတွေ ညည်းလိုက်ကြတာ ခိုညည်းသလိုပဲ။ အဘ၊ လုပ်ဦးလေ၊ အဘတပည့် ရေခန်းနေပြီ ဆိုပြီး နောက်တက်တဲ့ အဘနားမှာ ခိုညည်းသလို ညည်းနေတော့ လူထုက သူတို့ကို ခိုးနီကနေ ခိုနီလို့ ပြောင်းခေါ်လာကြတာပေါ့ကွာ။

အဲဒီမှာ သတိပြုဖို့က ခိုနီနဲ့ ကြိုးကြာနီက နည်းနည်း ဆင်တယ်။ ဒါပေမဲ့ မြန်မာပြည်က လူတွေက ခွဲခြားတတ်ပါတယ်။ စတီဗင်ဂျရတ်တို့နဲ့ကတော့ နှိုင်းတောင်မနှိုင်းသင့်ဘူး။ ချန်ပီယံလိဂ်ဖလား ယူပေးထားလို့ တိုင်းပြည်က သူကောင်းပြုခံထားရတဲ့ ကြိုးကြာနီတွေပါ။ ခိုနီတို့ကတော့ ခုထိ ဝမ်းသွားမရပ်သေးဘူး။ အားကစားကွင်းကို မာတ်ဆီဆိုင် ဆောက်လား ဆောက်ရဲ့။ မြေသိမ်းထားတာတွေလည်း ပြန်မပေးဘူး။ ရန်ကုန်မြို့ပေါ်က မြေကွက်တွေ၊ ဟိုတယ်တွေ ဈေးပေါပေါနဲ့ လက်လွှဲယူသလား ယူနေသေးရဲ့။ လမ်းဆုံလမ်းခွ မြေတွေမှာ ဓာတ်ဆီဆိုင်တွေ ဆောက်လား ဆောက်ရဲ့။ ဘဏ်တွေလည်း ဖွင့်လိုက်တာပဲ။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေ လာတော့လည်း သွားဖြဲနဲ့ ဝင်လုံးဖို့ ကြိုးစားကြတယ်။ နောက်တက်တဲ့ အစိုးရတို့ အစိုးရဆိုပြီး အတိုက်အခံခေါင်းဆောင်တွေကိုလည်း အတင်းဝင်လုံးကြသေးတယ်။ နောက်အစိုးရအဖွဲ့မှာ အလားအလာရှိတဲ့လူတွေရဲ့ သွားကြားထိုးတံကအစ လေလံပစ်ရင် သိန်းထောင်ချီပေးပြီး လေလံဆွဲကြတယ်။ ခိုနီတွေ အဲသလို လုပ်နေပေမဲ့ တိုင်းပြည်က ဒီမိုကရေစီကို ဝရုန်းသုန်းကား ချီတက်နေတော့ ခိုနီတွေရဲ့ ဘဝဟာ အခြေမခိုင် ဖြစ်လာကုန်ကြတယ်။ အရင်က လုပ်ခဲ့တဲ့ အပြစ်တွေအတွက် ကျီးလန့်စာစား ဖြစ်လာပြီး သူတို့ဘက်က မားမားမတ်မတ် ရပ်တည်ပေးမဲ့လူမရှိဖြစ်လာတော့ သူတို့ရဲ့ ဘဝရပ်တည်မှုဟာ ခရိုးခယိုင် ဖြစ်နေပေမဲ့ သူတို့ရဲ့ ခိုးချင်တဲ့စိတ်က ဒီကနေ့အထိ ရဲရဲနီနေတော့ အရပ်ထဲက သူတို့ကို ခရိုနီလို့ ပြောင်းခေါ်လာကြပြန်တယ်။

အရပ်ထဲကလူတွေ နားလည်အောင် ပြောရရင်တော့ကွာ အာဏာရှိတဲ့သူ မှန်သမျှ အပေါင်းအသင်းဖွဲ့ပြီး ပြည်သူ့ဘဏ္ဍာတွေကို ရဲရဲကြီးခိုးရဲတဲ့ သူခိုးကို ခရိုနီလို့ ခေါ်ကြတာပါ။ တကယ်တော့ သူတို့တင်

အပြစ်ရှိတာ မဟုတ်ပါဘူး။ သူတို့နဲ့ အပေါင်းအသင်းဖြစ်ခဲ့တဲ့ ဝေစား မျှစားတွေမှာလည်း တာဝန်ရှိပါတယ်။

ခရိုနီတွေ ခေတ်ကုန်ခါနီးတော့ သူငယ်ချင်းလည်း သတိထားပေါင်း ဦးနော်။ မုန့်ဝေတဲ့ခေတ်က ကုန်သွားပြီ။ တုတ်ဝေတဲ့ခေတ်ကျမှ ငါ့ သူငယ်ချင်း ကံဆိုးသူ မောင်ရှင် ဖြစ်နေဦးမယ်။

အင်္ဂလိပ် အဘိဓာန်မှာတော့ Crony (ခရိုနီ) (n) close friend သူငယ်ချင်းရောင်းရင်း ရင်းနှီးကျွမ်းဝင်သူ အပေါင်းအသင်းလို့ ဆိုထား တော့ ငါ့သူငယ်ချင်းလည်း အပေါင်းအသင်း မမှားပါစေနဲ့လို့ ဆုတောင်း ပေးရင်းနဲ့ အဆုံးသတ်လိုက်ပါတယ်။ သာမန် ပြည်သူတွေကို မင်းပဲ တစ်ဆင့် ရှင်းပြပေးလိုက်ပါဦး။

မင်းရဲ့ငယ်ပေါင်း သူငယ်ချင်း …

# ဘုရင်ကြီးနှင့် မြင်းကြီးသေသော
# ဝန်ကြီးပျော်ဧါ



တို့တိုင်းပြည်မှာ
မအောင်မြင်တဲ့ စီမံကိန်းတွေကြောင့်သာ
ထောင်တန်းကျရရင်
တို့ရဲဘော်တွေ တစ်ယောက်မှ ကျန်မှာမဟုတ်ဘူး။
မင်း ပူမနေနဲ့၊ ဒီစီမံကိန်းက မဖြစ်နိုင်မှန်း သိပေမဲ့
Project Cost က ကြီးလွန်းတော့
ဟိုပုံမြင်ထဲက ဝန်မင်းလိုပေါ့ဗျာ။
ဖြစ်နိုင်တာ မဖြစ်နိုင်တာထက်
လောလောဆယ် ငွေရပေါက် ချောင်တဲ့လမ်းကို ရွေးရမှာပဲ။

# ဘုရင်ကြီးနှင့် မြင်းကြီးသေသော် ဝန်ကြီးပျော်၏

သူငယ်ချင်းရေ …

လူနတ်ချမ်းသာဆိုတာ လူပြည်က လူသားတွေကို အနီးကပ် စောင့်ရှောက်တဲ့ နတ်မင်းများလည်း စိတ်လက် ပျော်ရွှင် ချမ်းသာ၊ အစောင့်အရှောက်ခံ လူသားတွေလည်း ပျော်ရွှင်ချမ်းသာ ဆိုပြီး နှစ်ဦးနှစ်ဖက်အဆင်ပြေတာကို အရပ်ထဲမှာ ခိုင်းနှိုင်းပြောတဲ့ စကားပါ။ ဒီကနေ့ခေတ်ပျက်ကြီးမှာတော့ တစ်ဦးပေါ်တစ်ဦး လူလည်ကျပြီး လိမ္မာပါးနပ်စွာ သူများမျက်ခုံးမွေးပေါ် စကြိန်လျှောက်နိုင်တဲ့သူတွေ ကြီးပွားချမ်းသာနေတာကို လူနပ်ချမ်းသာလို့ ပြောတာပါ။ တပ်မတော်သားချင်းအတူတူတစ်ယောက်ကျတော့ တိုက်တွေ၊ ကားတွေ အများကြီးနဲ့ သားသမီးတွေနိုင်ငံခြားမှာ စာသင်၊ နောက်တစ်ယောက်က တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ နေ၊ သားက တက္ကစီမောင်း၊ သမီးတွေက ရုံးတစ်ရုံးမှာ လုပ်၊ တစ်ပထ်စဉ်တည်း သူငယ်ချင်းတွေ ဆင်းရဲ ချမ်းသာ ကွာဟတာကို ဘေးကနေ အတိုင်းသား မြင်နေရတယ် သူငယ်ချင်း။

ဒါနဲ့ပဲ စီးပွားရေး အဆင်မပြေတဲ့ သူငယ်ချင်းကို စကားနည်းနည်း ပြောကြည့်တော့ ငါဟာ စစ်သားဇာတ်ယောက်ပါ၊ ပြည်သူက ငါ့ကို လစာရိက္ခာ ပေးထားပြီးသားပါ၊ ဒီလစာရိက္ခာနဲ့ ကျေနပ်လို့ ငါ တပ်မတော်ထဲဝင်ခဲ့တာပါ၊ ငါ့ရဲ့ အဓိက တာဝန်က ပြည်သူကို ကာကွယ်ဖို့ပဲ၊ ငါ့ရဲ့

ရာထူးအာဏာ လုပ်ပိုင်ခွင့်တွေနဲ့ ပြည်သူကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဒုက္ခပေးဖို့ အစီအစဉ် မရှိပါဘူး၊ နဂိုကတည်းက ငွေမက်ပြီး ကြီးပွားချင်ရင် ငါ ကုန်သည်လုပ်မှာပေါ့၊ ငါ့ရဲ့ စံပြပုဂ္ဂိုလ်က တပ်မတော် ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပါတဲ့။ အဲဒီသူငယ်ချင်းက အတ္တလောဘ မရှိတဲ့ ခေါင်းဆောင်ကို စံပြုပုဂ္ဂိုလ် သတ်မှတ်ထားတော့ သူ ဆင်းရဲတာ လည်း လက်တွေ့ကျပါတယ်။

နောက်တစ်ယောက်ကတော့ တော်တော်အဆင်ပြေနေလို့လား မသိဘူး။ သူ့ကို တွေ့ချင်တာ အိမ်မှာတောင် လက်ခံမတွေ့ဘူး။ သူ့မိန်းမက ငယ်ငယ်တုန်းက သူငယ်ချင်းတွေ အိမ်လာရင် မကြိုက်ဘူးတဲ့။ အကူအညီ တစ်ခုခု တောင်းမှာစိုးလို့ ထင်ပါရဲ့။ ဒါနဲ့ ရုံးမှာ သွားတွေ့တော့ လည်း Appoitment ကြိုတောင်းရတယ်။ တွေ့ခွင့်ပြုတယ်ဆိုမှ တွေ့ရတယ်။ တွေ့ခွင့်ရဖို့လည်း အကြာကြီး ထိုင်စောင့်ရတယ်။ တွေ့ခွင့်ပေးတာပဲ ကံကောင်းတယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ ကိုယ့်အလှည့် ရောက်ခါနီးမှာ သူနဲ့ တစ်တပ်တည်း အတူနေခဲ့တဲ့ ညွှန်ကြားရေးမှူးချုပ်တစ်ယောက် လာလည်လို့ သူတို့ပြောသမျှ စကားတွေ နှစ်နာရီနီးပါး ထိုင်နားထောင်ခဲ့ရတယ်။ အဲဒါကြောင့်လည်း သူတို့ ဘာကြောင့်ချမ်းသာခဲ့ကြတယ် ဆိုတာကို ကွင်းကွင်းကွက်ကွက် သိရှိခဲ့ရတယ်။

ညွှန်ချုပ်နဲ့ ဦးဆောင်ညွှန်ကြားရေးမှူး နှစ်ဦး ရယ်ရယ်မောမော ပြောနေကြတာကို နားထောင်ပြီး မြန်မာပြည်သူတွေအတွက် ငိုချင်သလိုလို ဖြစ်ခဲ့ရတယ်။ သူတို့နှစ်ဦး ပြောနေတဲ့ ရယ်စရာ ပုံပြင်တစ်ပုဒ်ကို တိုင်းပြည်အတွက် စိတ်မကောင်းခြင်းကြီးစွာနဲ့ သူတို့ ပြောတဲ့အတိုင်း ပြန်ပြောလိုက်ပါတယ် သူငယ်ချင်း။

အလည်လာတဲ့ ညွှန်ချုပ်က စပြီး ပြောပါတယ်။

"ဟေ့ကောင် ငွေချစ်၊ မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ ရေနက်ကွင်းမှာ စပါးစိုက်ဖို့ စီမံကိန်းကို မင်း အကောင်အထည် ဖော်နေတယ်ဆို၊ ဖြစ်နိုင်ချေတွေ ဘာတွေ ... လေ့လာပြီးပြီလား၊ ကွင်းဆင်း တိုင်းတာတွက်ချက် ခန့်မှန်းတာတွေ လုပ်ပြီးပြီလား၊ လုပ်ငန်းကော စပြီလား"

ဆိုပြီး မေးခွန်းတွေ တရစပ် မေးတဲ့အခါ သူငယ်ချင်းက ဘာပြန်ပြော သလဲ ဆိုတော့ "ဟေ့ကောင် … မင်း ဘာတွေ လာပြောနေတာလဲ၊ တို့က အထက်ကခိုင်းရင် ငြင်းပိုင်ခွင့် ရှိလို့လား၊ မင်း တပ်ထဲမှာ စိုက်ပျိုး မွေးမြူရေး လုပ်တုန်းက တွက်ချက်ပြီးမှ လုပ်တာလား၊ ရမ်းသမ်းလုပ် တာလား။ ငါ သိတာကတော့ မင်းလုပ်တဲ့ ကြက်ခြံ ပြုတ်သွားတာပဲ သိတယ်"

DG - အဲဒါက သိပ်ပမာဏ မကြီးတော့ တပ်ထဲက အိမ်ထောင် သည်တွေပဲ နည်းနည်းပါးပါး ထိခိုက်တာ။ အခု မင်း စီမံကိန်းကြီးက ကျပ်ငွေ ဘီလျံသောင်းချီပြီး ရင်းနှီးရမှာ ဆိုတော့ ကိုယ့်ရဲဘော်ရဲဘက် အချင်းချင်း သတိပေးတာပါဗျာ။

MD - ဟေ့ကောင် … အမှန်အတိုင်းပြော၊ မင်း ငါ့ခွင်တွေကိုကြည့် ပြီး သွားရည်ယိုနေတာ မဟုတ်လား။ တို့တိုင်းပြည်မှာ မအောင်မြင်တဲ့ စီမံကိန်းတွေကြောင့်သာ ထောင်တန်း ကျရရင် တို့ရဲဘော်တွေ တစ် ယောက်မှ ကျန်မှာမဟုတ်ဘူး။ မင်း ပူမနေနဲ့၊ ဒီစီမံကိန်းက မဖြစ်နိုင်မှန်း သိပေမယ့် Project Cost က ကြီးလွန်းတော့ ဟိုပုံပြင်ထဲက ဝန်မင်းလို ပေါ့ဗျာ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာထက် လောလောဆယ် ငွေရပေါက် ချောင်တဲ့လမ်းကို ရွေးရမှာပဲ။

DG - ဘယ်ပုံပြင်လဲဗျ လုပ်စမ်းပါဦး။ မင်းကတော့လေ … ခိုးတာတောင် ကျမ်းဂန်စာပေ အကိုးအကားနဲ့ ခိုးတာပါလား။

MD - ဒီလိုဗျ၊ တစ်ခါတုန်းက ကိုယ်စီးတဲ့မြင်းကို အထီးမှန်း အမ မှန်းတောင် မသိတဲ့ ဘုရင်ကြီးတစ်ပါးရှိတယ်။ အဲဒီဘုရင်ကြီးက တစ်နေ့ တော့ ဝန်ကြီးဝန်မင်း အမတ်မင်းတွေကို ညီလာခံ ခေါ်ပြီးတော့ သူ့ရဲ့ စီးတော်မြင်းဟာ သူ့ဘုန်းတန်ခိုးကြောင့် လူကဲ့သို့ တွေးတောဆင်ခြင် နားလည်နိုင်စွမ်းရှိနေတယ်၊ IQ မြင့်တဲ့ မြင်းပေါ့ဗျာ။ တစ်ခုပဲ လိုအပ် တယ်။ လူလိုစကားပြောတတ်ဖို့ပဲ ကျန်တော့တယ်။ အဲဒီကိစ္စကို ဘယ်သူ စွမ်းဆောင်နိုင်မလဲလို့ မိန့်လိုက်တော့ အမတ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မြင်းကို လူစကားသင်ဖို့အတွက် တရားခံ ရှာနေ

ကြတာပေါ့။ ငါလုပ်ရင် ဖြစ်ရမယ်ဆိုတဲ့ စိတ်ကို လက်ကိုင်ထားတဲ့ ဘုရင်ကြီးကလည်း ကြာတော့ စိတ်မရှည်ဘဲ မောင်မင်းတို့ ဒီလောက် လွယ်ကူတဲ့ အလုပ်ကိုတောင် လုပ်နိုင်တဲ့သူ မရှိဘူးလားလို့ ဒေါနဲ့မောနဲ့ မေးလိုက်တော့ ဝန်ကြီး တစ်ပါးက မှန်လှပါ၊ ကျွန်တော်မျိုးကြီးကို အဲဒီတာဝန် ထမ်းဆောင်ခွင့် ပြုတော်မူပါ၊ ဘုရင်ကြီးရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝဖို့ အသက်နဲ့လဲပြီး အမှုတော် ထမ်းခွင့်ပြုပါလို့ လျှောက်တင်လိုက်တော့ ဘုရင်ကြီးလည်း သဘောတော်ကျပြီး မောင်မင်း အလိုရှိရာ တောင်းစေဆိုပြီး အမိန့်ချလိုက်သတဲ့။

ဝန်ကြီးလည်း ဒီတစ်ခါတော့ ပွပေါက် အကြီးအကျယ် တိုးပြီဆိုပြီး ရွှေငွေ ကျောက်သံပတ္တမြား စားနပ်ရိက္ခာ၊ မြင်းအတွက် ရိက္ခာ ရနိုင်သလောက် ချဲ့ကားပြီး တွက်တောင်းတော့တာပါပဲ။ အချိန်လုံလောက်စွာ ပေးဖို့လည်း ကြိုပြီး လျှောက်တင်ထားသတဲ့။ ပထမ တစ်နှစ်စာ အလျှံပယ် တောင်းပြီး အဲဒီမြင်းကို တစ်နှစ်အတွင်း ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘဲ တစ်ကောင်တည်း သီးခြား လှောင်ထားဖို့လည်း တောင်းဆိုသတဲ့။

တစ်နှစ် ပြည့်တဲ့အခါ နောက်ထပ် တစ်နှစ်အတွက် လစာ ရိက္ခာတွေ ထပ်တောင်းတော့ ဘုရင်ကြီးက လစာရိက္ခာတွေ ထုတ်ပေးရင်းနဲ့ အခြေအနေ မေးကြည့်တော့ ပထမ တစ်နှစ်မှာ မြင်းတို့ရဲ့ စရိုက်ကို ပျောက်အောင် သင်ကြားတာ အခု မြင်းစရိုက်ပျောက်ပြီး လူတွေကဲ့သို့ ပြုမူနေထိုင်ပြီဖြစ်ကြောင်း၊ လူနဲ့လည်း အတော် နီးစပ်လာပြီ ဖြစ်ကြောင်း လျှောက်ထားတော့ ဘုရင်ကြီးကလည်း ငါ မပြောလား၊ ငါ့မြင်းက IQ မြင့်တယ်မို့လားဆိုပြီး ပြုံးပြုံးကြီး မိန့်တော်မူပြီး ဝန်ကြီး တောင်းသလောက် ပေးတော်မူသတဲ့။ ဝန်ကြီးကတော့ သူ့လစာ၊ မြင်းလစာ၊ သူ့ရိက္ခာ၊ မြင်းရိက္ခာတွေနဲ့ တခြားဝန်မင်းတွေထက် ပိုပြီးကြွယ်ဝ ချမ်းသာလာတာပေါ့ကွာ။

ဒုတိယနှစ် ကုန်သွားတော့ ဘုရင်ကြီးက မေးတယ်။ ဘယ်လိုလဲ ဝန်မင်း၊ အခြေအနေ ထူးပြီလားလို့မေးတော့ ထူးတယ် မင်းကြီးဘုရား၊ အခု လူလို ရယ်တတ်တယ်၊ လူလို အိပ်တတ်တယ်၊ ပြောသမျှအားလုံး

နားလည်တယ်၊ ရယ်ရင်လည်း လူနဲ့အသံပဲကွဲတယ်။ တဟီးဟီးနဲ့ ရယ်တယ် ဆိုပြီး ဘုရင်ကြီးကို ရွှီးသတဲ့။

ဘေးက ဝန်မင်းတွေက မနေနိုင်တော့ သူငယ်ချင်း ကြည့်လည်း လုပ်ဦး၊ မဖြစ်နိုင်တာတွေ တာဝန်ယူပြီး အချိန်တန်တော့ ဖြစ်မလာလို့ ဘုရင် အမျက်တော်ရှရင် သေဒဏ်နော်လို့ သတိပေးတော့ အဲဒီဝန်မင်း က ငါ စလျှောက်ထားကတည်းက အသက်နဲ့ လဲပြီး ထမ်းရွက်မယ်လို့ ပြောထားပြီးသား၊ ဒီကိစ္စက ဘုရင်ကြီးရယ်၊ ငါရယ်၊ မြင်းကြီးရယ် သုံးယောက်နဲ့ပဲ သက်ဆိုင်တဲ့ကိစ္စပါ။ ဒီကိစ္စ ဆောင်ရွက်နေချိန်မှာ အနိစ္စ သဘောအရ ဘုရင်ကြီးက အသက်ကြီးလို့ သေသွားနိုင်တယ်၊ မြင်းကြီး ကလည်း ငါ လှောင်ပိတ်ထားလို့ သေသွားနိုင်တယ်၊ ငါကလည်း လူသား တစ်ယောက်ဖြစ်လို့ ၉၆ ပါး ရောဂါနဲ့ သေသွားနိုင်တယ်၊ ဒီသုံးယောက်မှာ တစ်ယောက်ယောက် သေသွားရင် ဒီကိစ္စ ပြီးသွားပြီ၊ ငါကတော့ အချိန် ရှိခိုက်မှာ ငါ့ကိုယ်ကျိုးအတွက် ရသလောက် အမြတ်ထုတ်ရမှာပဲလို့ တခြားဝန်မင်းတွေကို ပြန်ပြောသတဲ့။

ပုံပြင်လေးကတော့ ဒါပါပဲကွာ။ ဒီစီမံကိန်းကို ခိုင်းတဲ့သူရယ်၊ ဒီရေ နက်ကွင်းကြီးရယ် ငါရယ် တစ်ယောက်ယောက် ပျက်စီးသွားရင် ပွဲပြီး သွားပြီမို့ ငါကတော့ ရေနက်ကွင်းကို ငါ့ရဲ့ ရေခပ်ကွင်းကြီးအဖြစ် ပြောင်း ပြီး ရေကို ရသလောက် ခပ်လိုက်ဦးမယ်ဟေ့လို့" ပြောပြီး နှစ်ယောက် သား တဟားဟား ရယ်မောနေကြလေရဲ့။

ငါ့သူငယ်ချင်း အရာရှိကြီးရဲ့ ချမ်းသာ ကြွယ်ဝမှုတွေဟာ စာသင် ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတွေ၊ တံတားတွေ အမှန်တကယ် လိုအပ် တဲ့ တည်ဆောက်ရေးတွေမှာ အသုံးမပြုဘဲ မအောင်မမြင် အကျိုးမရှိတဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော်ရင်းနဲ့ ပြည်သူတွေ ဆင်းရဲအောင် လုပ်ပြီးမှ သူတို့ချမ်းသာလာကြတာပါလားလို့ တွေးရင်း ခေါင်းငိုက်စိုက် ချပြီး ပြန်လာခဲ့ရတယ် သူငယ်ချင်းရေ။

အခုတော့ ဘုရင်ကြီးလည်း မရှိတော့ဘူး။ ရောဝတီတိုင်း ရေနက် ကွင်းတွေမှာ စပါးတွေ မဖွေးဘဲနဲ့ ရေတွေ ပြန်ဖွေးနေပြီး စီမံကိန်း

အကောင်အထည်ဖော်တဲ့ ဝန်ကြီးတွေကတော့ နောက်ဆုံးပေါ် LEXUS 570 ကားတွေ တဝီဝီနဲ့ ပျော်နေတာ တွေ့ရတော့ ဘုရင်ကြီးနှင့် မြင်းကြီး သေသော် ဝန်ကြီးပျော်၏လို့ မှတ်ချက်ချလိုက်ပါရစေ သူငယ်ချင်း။

ဒါဖတ်ပြီးမှ စီမံကိန်းတွေ ဆွဲပါလို့ တောင်းပန်ပါရစေ ဘုရင်ကြီး ခင်ဗျား အဲ အဲ … သမ္မတကြီးခင်ဗျား။

# လွှတ်တော်မှာ ချွတ်ချော်တာလေးတွေ (၁)



တပ်မတော်သားတွေ
လွှတ်တော်အစည်းအဝေးမှာ ခေါင်းရှင်းတယ်။
ခေါင်းပေါ်မှာ ဘာမှမရှိဘူး။ ဉာဏ်မရှိဘူး။
ပြည်သူ့အတွက် မစဉ်းစားဘူးလို့ ပြောတာမဟုတ်ဘူး။
အရပ်သားအမတ်တွေ ခေါင်းပေါင်းစွပ်ပြီး
စိတ်အိုက်လူအိုက် ဖြစ်နေချိန်မှာ
စစ်သားအမတ်တွေကတော့ အေးအေးဆေးဆေးပဲ။
ဦးထုပ်ချွတ်ပြီး ဇိမ်နဲ့နေနိုင်တယ်။

# လွှတ်တော်မှာ ချွတ်ချော်တာလေးတွေ (၁)

သူငယ်ချင်းရေ ...

ဥက္ကဋ္ဌကြီးက လွှတ်တော်ကို ဝေဖန်ပါ၊ အကြံပြုပါလို့ ဆဋ္ဌမပုံမှန်အစည်းအဝေး အပိတ်မိန့်ခွန်းမှာ ပြောလိုက်တော့ ကျွန်တော်ဖြင့် 'ခွေး' ဘုရားပွဲတွေ့သလို ခံစားရတယ်။ ကျွန်တော်က လွှတ်တော်ချန်နယ်ရဲ့ အမာခံ ပရိသတ်ဗျ။ လွှတ်တော်ကို LIVE သာ လွှင့်ပြလို့ကတော့ လွှတ်တော်ထဲမှာ အပ်ကျတာကအစ ကျွန်တော် သိတယ်။ လွှတ်တော်အမတ်မင်းများ ငုတ်တုတ် အိပ်နေတာ၊ ကင်မရာမင်းတွေကို တဝါးဝါး သမ်းပြနေတာ၊ တချို့က နှာခေါင်းပေါက်ကို နှိုက်နေတာ၊ တချို့က နားကို ကလိနေတာ၊ တချို့က အစာစားနေတာ၊ တချို့ကလည်း အောက်ငုံ့ပြီး ဟိုရှာဒီရှာ ရှာနေတာနဲ့ ပြောစရာကို စုံနေတာပဲ။

လွှတ်တော်အမတ်တွေလည်း လွှတ်တော်ထဲရောက်မှ မူလတန်းကျောင်းသားဘဝကို ပြန်ရောက်သွားသလား မသိဘူး။ နာမည်ခေါ်ရင် 'ရှိပါတယ်ခင်ဗျ' မထူးရတာတစ်ခုပဲ။ အားလုံးရပ်ဆို ရပ်ရတယ်။ ထိုင်ခိုင်းမှ ထိုင်ရတယ်။ ဒေါ်စုတောင် မလွတ်ဘူး။ ဒါနဲ့ စကားမစပ် ခင်ဗျားကို မေးရဦးမယ်။ ဥက္ကဋ္ဌရှေ့က တိုက်ပုံနဲ့ ခေါင်းပေါင်းနဲ့လူတစ်ယောက် ထမ်းထမ်းပြီး ဝင်လာတာ ဘာကြီးလဲ။ ဟယ်ရီပေါ်တာ ကားထဲက မှော်တံမြက်စည်းလိုလို၊ RPG ပစ်ခုံးထမ်းလောင်ချာလိုလို။ အဲဒါကြီးက ရွှေအစစ်နဲ့ လုပ်ထားတာလား။ အဲဒီလူက တစ်နေကုန် ဒါကြီးကို ထမ်း

သယ်လာတယ်။ ပြီးရင် ထမ်းပြန်သွားတယ်။ အဲဒီဟာကြီးထိပ်မှာ အသံဖမ်းစက်တွေ ဘာတွေ ပါသလား။ အဲဒါကြီးမပါရင် လွှတ်တော်ကျင်းပလို့ မရဘူးလား။ အဲဒါကြီးက တိုင်းပြည်ကို ဘယ်လိုအကျိုးပြုသလဲ။ အဲဒီထမ်းတဲ့ ငနဲကို လစာ ပေးရသေးသလား။ သူ့လုပ်အားက တိုင်းပြည်အတွက် အကျိုးရှိရဲ့လား။

ဥက္ကဋ္ဌကြီးကိုလည်း အားနာတယ်။ သူဝတ်ထားတဲ့ ဝတ်ရုံကြီးက သူကြိုက်လို့ ချုပ်ဝတ်ထားတာတော့ မဟုတ်လောက်ပါဘူး။ လွှတ်တော်မှာ အဲဒီလိုပုံစံ ဝတ်စားပြီး ဥပဒေပြုမှ ဥပဒေတွေက အာဏာတည်မယ်လို့ ဘယ်သူက ကျပ်သွားမှန်းမှ မသိတာ။ သေချာတာကတော့ အစည်းအဝေး လုပ်နေချိန်မှာ ချွေးတွေ တဒီးဒီး ကျနေမှာ သေချာတယ်။ လွှတ်တော်ထဲမှာ သာတူညီမျှ အခွင့်အရေး တန်းတူပေးထားတယ်ဆိုတာလည်း မဟုတ်ဘူးလို့ပြောရင် ခင်ဗျား ဘယ်လိုငြင်းမလဲ။ ကျွန်တော်ပြောပြမယ်။ တပ်မတော်သားတွေ လွှတ်တော် အစည်းအဝေးမှာ ခေါင်းရှင်းတယ်။ ခေါင်းပေါ်မှာ ဘာမှမရှိဘူး၊ ဉာဏ်မရှိဘူး၊ ပြည်သူ့အတွက် မစဉ်းစားဘူးလို့ ပြောတာမဟုတ်ဘူး။ အရပ်သားအမတ်တွေ ခေါင်းပေါင်းစွပ်ပြီး စိတ်အိုက်လူအိုက် ဖြစ်နေချိန်မှာ စစ်သားအမတ်တွေကတော့ အေးအေးဆေးဆေးပဲ။ ဦးထုပ်ချွတ်ပြီး ဇိမ်နဲ့နေနိုင်တယ်။

အရပ်သား အမတ်တွေကလည်း မထူးကော့ဘူးဆိုပြီး ခေါင်းပေါင်းကို ရောင်စုံဝယ်ဆောင်းလိုက်တယ်။ လွှတ်တော်ထဲမှာ အကြံဉာဏ်ကောင်း မထွက်လည်း ခေါင်းပေါင်းကို လက်ညှိုးထိုး လွှဲချလိုက်တယ်။ ကျွန်တော်တော့ အဲဒါကြီး ဆောင်းထားတာ စိတ်မလွတ်လပ်ဘူးလားလို့။ ခင်ဗျားရော ခေါင်းပေါင်းဝတ်ပြီး ဆွေးနွေးရတာ အဆင်ပြေရဲ့လား။ ဆွေးနွေးရာမှာ ထိန်းထိန်းသိမ်းသိမ်း ပြောရဆိုလို့ မလွတ်လပ်တာက တစ်မျိုး၊ အဝတ်အစားကြောင့် စိတ်မလွတ်မလပ်တာက တစ်မျိုးနဲ့ တိုင်းပြည်အတွက် စိတ်ကူးဉာဏ် အသစ်ကလေးတွေ ရနိုင်မယ် မထင်ဘူး။

စိတ်ကူးဉာဏ်ဆိုလို့ ကျွန်တော်က ကြီးကြီးကျယ်ကျယ် လျှောက်ပြောနေတာ။ ခင်ဗျားသူငယ်ချင်း အမတ်တွေက စာရွက်ကြီးတွေကိုင်ပြီး

စာလာဖတ်ဖတ် ပြနေတာ သူငယ်တန်းကလေးတွေကျလို့။ တချို့က ကြိုရိုက်လာတဲ့စာတောင် ဖြောင့်အောင်မဖတ်တတ်ဘူး။ ထစ်အ ထစ်အနဲ့ စာဖတ်ရင်း သရေတွေက ထွက်ထွက်ကျသေး။ တချို့ကလည်း စကားမပီတော့ ဖတ်ရတာ အသံထွက်လည်း မမှန်ဘူး။ အသံထွက် မမှန်တော့ ပြည်သူက သူ ဘာတွေပြောနေမှန်း မသိဘူး။

စကား မပီတဲ့သူတွေထဲမှာ အဆိုးဆုံး တိုင်းရင်းသား အမတ်တစ်ယောက် ရှိတယ်။ သူ စာဖတ်ခါနီး အကြို နှုတ်ဆက်လိုက်ရင် ကျွန်တော်က တခွိခွိနဲ့ ရယ်ချင်လာပြီး ဥက္ကဋ္ဌကြီးကတော့ နားရွက်တွေ၊ ဆံပင်တွေ ထောင်ထောင်လာမယ် ထင်တယ်။ သူ နှုတ်ဆက်လိုက်ပုံက "ချစ်ခင် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား" ဆိုပေမဲ့ ခင်ဗျာမှာ စကား မပီရှာတော့ 'လေးစား' ဆိုတဲ့ အသံကို '-းစား' ဆိုပြီး ပါးစပ်က ထွက်လာတော့ ကျွန်တော့်မှာ သူ့အစား အားနာလိုက်တာ။ ပြီးတော့ အဲဒီနှုတ်ဆက်စကားကလည်း ခဏခဏ ပါနေတော့ သူ့အလှည့် မပြီးမချင်း ဥက္ကဋ္ဌတော့ ရင်ထဲမှာ ဆို့နေမှာပဲလို့ စိတ်မကောင်းဖြစ်မိတယ်။

လွှတ်တော် ရုံးဝန်ထမ်းတစ်ယောက်ကလည်း အပြင်မှာ လျှောက်ကြွားနေသေးတယ်လေ။ လူထုခေါင်းဆောင် ဒေါ်စုတောင် သူ့စကား မလွန်ဆန်ရဲဘူးလို့ ပြောတယ်။ လွှတ်တော်ထဲမှာ သူက ထိုင်ဆိုမှ ထိုင်ရဲတယ်။ ထဆိုမှ ထရဲတယ်တဲ့။ သေသေချာချာ မေးကြည့်တော့မှ သူ့အလုပ်က လွှတ်တော်ထဲမှာ "အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား"၊ "အားလုံး မတ်တတ်ရပ်ပေးကြပါခင်ဗျား" အဲဒီလို ပင်တိုင်အော်ပေးတဲ့သူဆိုတော့ အင်း … ဒါလည်း ဟုတ်တာပဲလို့။ လွှတ်တော်ထဲမှာ ဥက္ကဋ္ဌထိုင်ခုံကို အမြဲချောင်းနေတဲ့သူရှိတယ်။ လွှတ်တော်ဥက္ကဋ္ဌရာထူးကို မက်လို့တော့ မဟုတ်ဘူး။ ဥက္ကဋ္ဌ ထချင်လို့ မျက်ရိပ်ပြလိုက်ရင် ပြေးပြီး ထိုင်ခုံကို ရွှေ့ပေးရတယ်။ ဥက္ကဋ္ဌထိုင်ခုံက ကိုယ်တိုင်ရွှေ့လို့ မရလောက်အောင် လေးတယ်။ ဒီတစ်ခေါက် ဥရောပနိုင်ငံတွေသွားရင် ဥက္ကဋ္ဌ ထိုင်ဖို့ ဆိုလည် ကုလားထိုင်ကောင်းကောင်း ဝယ်လာရင် ကောင်းမယ်။ လုံးဝ ထိုင်ရတာ သက်သောင့်သက်သာ မရှိဘူး။

ဥက္ကဋ္ဌကြီးကတော့ တော်ရုံတန်ရုံ ခံနိုင်ရည်ရှိတာ မဟုတ်ဘူး။ ထိုင်ခုံကြောင့် မလွှတ်လပ်တဲ့ ဒုက္ခ၊ ဝတ်ရုံကြောင့် စိတ်မလွှတ်လပ်တဲ့ ဒုက္ခ၊ ခေါင်းပေါင်းကြောင့် စိတ်မလွှတ်လပ်တဲ့ ဒုက္ခ၊ အမတ်တွေပေးတဲ့ ဒုက္ခတွေနဲ့ လွှတ်လပ်တဲ့ ဒီမိုကရေစီ လွှတ်တော်ကြီးကို ချုပ်ချုပ်တည်းတည်း ကျင်းပနေပေမဲ့ သူလည်းလေ လောကီသားပေမို့ တစ်ခါတစ်ခါ ထိုင်ခုံရှေ့က တူကြီးကို ပန်းပဲမောင်တင့်တယ် စတိုင်လ်နဲ့ အားကုန် ထုပြီး စိတ်ဖြေနေမှာပေါ့နော်။ ဝေဖန်ပါဆိုလို့ ဝေဖန်တာပါခင်ဗျာ။ လွှတ်တော်ထဲက ဒေါ်သတွေ ကျွန်တော်တို့ဘက် လှည့်လာမှ ဟုတ်ပေ့ဖြစ်နေပါဦးမယ်။ ကျွန်တော်တို့အတွက် ပြောစမှတ်တွင်မယ့် ကုန်ကြမ်းတွေ ဖန်တီးပေးပါဦးလို့ ပြောရင်းနဲ့ အသံဝဲဝဲဖြင့် နှုတ်ဆက်လိုက်ရပါတယ်။

"ချစ်ခင် လေးစားအပ်ပါသော အမတ်မင်းတို့ခင်ဗျား"

ရှက်ကြောပြတ် အပူပြီးတဲ့ လူကြီးဖြစ်ချင်သော
အမတ်



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်
ဒေါ်ခင်ဝိုင်းကြည်က သူ့နောက်ကပ်လျက်ခုံမှာထိုင်ပြီး
ဆင်းရဲသား လယ်သမားတွေဘက်က
မခံမရပ်နိုင်လို့ ဝုန်းဒိုင်းကြဲနေချိန်မှာ
သူက သွားဖြဲနဲ့ မျက်နှာပြောင်နဲ့
နောက်ကျော မပူဘူးလား မသိဘူး။
နားပူလည်း အတော်ခံနိုင်တယ်။

## ရှက်ကြောပြတ် အပူပြီးတဲ့ လူကြီးဖြစ်ချင်သော အမတ်

မင်း တစ်ခါကပြောတဲ့ လွှတ်တော်ဆိုတာ လွှတ်ပြီး တော်တဲ့သူတွေနဲ့ ဖွဲ့စည်းထားတာ ဆိုတဲ့ စကားကို ငါ ပြန်သတိရလို့ မင်းဆီ စာရေးလိုက်တာ။ မင်းတို့ လွှတ်တော်ထဲမှာ မျက်နှာပူ နားပူ ခံနိုင်တဲ့ အမတ် တစ်ယောက် အခုတလော တွေ့ရ မြင်ရတယ်ကွ။

သူ့ကို လွှတ်ပြီး တော်တာပဲလို့ ချီးကျူးရတဲ့အကြောင်းက သူက နိုင်ငံတော်က ပေးတဲ့ သူဌေးဘွဲ့ရပြီးမှ အာဏာလိုချင်လို့၊ လူကြီးဖြစ်ချင်လို့ အမတ်ဝင်လုပ်တာ ဆိုပဲ။

နိုင်ငံတော် ပေးတဲ့ဘွဲ့ကိုတော့ ငါ မသိဘူး။ ငါကတော့ သူနဲ့လိုက်မယ့် ဘွဲ့တစ်ခုတော့ တွေ့ထားတယ်။ သရေစည်သူဘွဲ့ ပေးလိုက်ချင်တယ်။ သူ့အခွင့်အရေးအတွက်၊ ငွေအတွက်၊ အာဏာအတွက် အမြဲတမ်း အချိန်ပြည့် သွားရည်တမြားမြားနဲ့မို့ သွားရည်စည်သူဘွဲ့နဲ့ သင့်တော်မယ် ထင်တယ်။

အာဏာနဲ့ အခွင့်အရေးအတွက် သူ့သမီးကိုလည်း အာဏာရှိသူရဲ့ သားနဲ့ သမီးပေး အာဏာယူ၊ သားပေး ပစ္စည်းယူ အလဲအထပ် လုပ်ခဲ့ဖူး

တယ်ကွ။ အဲဒါနဲ့ အားမရလို့ လွှတ်တော်ထဲ ကိုယ်တိုင်ရောက်အောင် သွားပြီး လွှတ်တော်ကို ကိုယ်ကျိုးအတွက် အသုံးချဖို့ လုပ်နေပြန်ပြီ။

ဒီရက်ပိုင်းမှာ တပ်မတော်က သိမ်းတဲ့လယ်တွေ၊ ခရိုနီတွေ သိမ်းတဲ့ လယ်တွေ၊ ဆင်းရဲသား ကျောမွဲ လယ်သမားတွေကို ပြန်ပေးဖို့ လွှတ်တော် ထဲမှာ 'လောင်မီးကျလျက် နတ်တို့စက်'ဖြစ်နေချိန်မှာ သူကလည်း သခွပ် ပင်က မီးတကျီကျီ မောင်ရေ။ မရှက်ဘူး၊ မရှက်တတ်ဘူး။ ရှက်ကြောနဲ့ ချက်ကြော မှားဖြတ်ပြီး မွေးလာသလား ထင်ရတယ်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်း ကြည်က သူ့နောက် ကပ်လျက်ခုံမှာထိုင်ပြီး ဆင်းရဲသား လယ်သမားတွေ ဘက်က မခံမရပ်နိုင်လို့ ဝုန်းဒိုင်းကြဲနေချိန်မှာ သူက သွားဖြဲနဲ့ မျက်နှာ ပြောင်နဲ့ နောက်ကျော မပူဘူးလား မသိဘူး။ နားပူလည်း အတော်ခံ နိုင်တယ်။

လယ်ခိုးပြ၊ ယာခိုးပြတွေကို လွှတ်တော်အမတ် ၄၀ ကျော် ဝိုင်းသမလိုက်တာ သက်ဆိုင်ရာ တပ်မတော်က ပြည်ထောင်စုဝန်ကြီး တောင် လင်းတကြီး ဝမ်းနုတ်ဆေး ကျွေးသလို ဖြစ်နေချိန်မှာ အဲဒီအမတ် က ဆင်လိုက်တုန်း ချီးထောင်နေသေးတယ်။ လယ်တွေ ပြန်ပေးရမယ် ဆိုရင်တဲ့ ... ပြည်ထောင်စု အစိုးရကို တရားစွဲမယ်တဲ့။

ပြည်သူကိုလည်း မျက်နှာမပူ၊ အမတ်အချင်းချင်းလည်း မျက်နှာမပူ၊ အပူခံနိုင်၊ အပူပြီးနေတဲ့ အမတ်က သူခိုးက လူလူ ဟစ်နေတယ်။ သူ့ကြောင့် အာဏာရှိတဲ့ သူ့ဆွေမျိုးကြီးပါ ဒုက္ခရောက်ရမယ့်ကိန်း။ သူဌေးဘွဲ့ရပြီးမှ အေးဆေးနေပါတော့လား။ လူကြီးကလည်း ဖြစ်ချင် သေးတယ်။ လူကြီးစိတ်၊ အကြီးအကဲ စိတ်ကလည်း မရှိ။ အခုချိန်ထိ ရရစားစားပဲ။

သူ့လို သူဌေးဘွဲ့ခံပြီးမှ အမတ်ဖြစ်ချင်တဲ့ နောက်တစ်ယောက် လည်း ရှိသေးတယ်။ ဟိုလူက ဆယ်တန်း မအောင်ပေမဲ့ အထူးအပါး

နားလည်တယ်။ သူ့လို တုတ်ခုန်မတိုးဘူး။ အခြေအနေ တောန်ခုန်းသိလို့ ဆွဲခန့်အမတ်ဘဝကနေ လွှတ်တော်ပြီးဆုံးသည်အထိ ခွင့်ရက်ရှည်ယူပြီး လစ်သွားပြီ။ ငါပြောတဲ့ အမတ်က အပူပြီးတယ်။ တော်ခဲ့တန်ရဲ့ မပူတတ်ဘူး။ သူ့လို အမတ်တွေ များလာရင် လွှတ်တော်ခန်းမ အဲယားကွန်း တပ်စရာ မလိုတော့ဘူး။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာရင်တဲ့၊ သူတို့လို ပြည်တွင်းလုပ်ငန်းရှင်တွေကို လက်ဝါးကြီးအုပ်သွားနိုင်တယ်ဆိုပြီး ငိုသံပါကြီးနဲ့ FDI Law ကို လိုက်ကလန့်နေသေးတယ်။ သူ့ကို ဘယ်ကစပြီး သနားရမှန်း မသိဘူး။

လယ်သမားတွေကို လျော်ကြေး တစ်ဧက နှစ်သိန်း ပေးခဲ့ရပါတယ်တဲ့။ ပြန်ရောင်းတာ တစ်ဧက သိန်း ၂၀၀၀ ပဲ ရပါတယ်တဲ့။ ကြားရတာနဲ့တင် သေချင်စော်နံသွားတယ်။ အဲဒီလယ်မြေရဲ့ မူလပိုင်ရှင် ကျောမွဲလယ်သမားတွေပါ သူနဲ့လာပြီး ဖက်ငိုရတော့မလိုပါပဲ။

ကြိုက်မရှက် ငတ်မရှက်ဆိုတဲ့ စကားပုံက အဲဒီအမတ်အတွက်တော့ ကွက်တိပဲ။ တရားမမှုတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ လွှတ်တော် တက်ရဲတယ်။

သူက မျက်နှာပြောင်နဲ့ လူကြီးဖြစ်ချင်တာ ကိစ္စမရှိဘူး။ တိုင်းပြည်နာတယ်။ လွှတ်တော်ကို သူ့ကိုယ်ကျိုးအတွက် အသုံးချခံလိုက်ရရင် တို့ပြည်သူတွေ နောက်ရောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ ဆိုသလို ကိုသာဆိုးက နှစ်ချက်ခေါက်တာ ခံရဦးမယ်။

လွှတ်တော် ကိုယ်စားလှယ်တွေ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရင်၊ လွှတ်တော်ပြင်ပမှာ အမှုဖြစ် တရားစွဲခံရရင် လွှတ်တော်အမတ်တာဝန်ကနေ ရုပ်သိမ်းခွင့်ရအောင် တို့ပြည်သူတွေ အခြေခံဥပဒေကို ခရေစေ့တွင်းကျ လေ့လာနေတယ်ဆိုတာ အဲဒီအမတ် သိအောင် ပြောလိုက်ပါဦး သူငယ်ချင်း။

သူက အပူပြီးပေမဲ့ ခမည်းခမက် ဥက္ကဋ္ဌ မျက်နှာပူအောင်တော့ မလုပ်သင့်ဘူး။ စားပြီး နားမလည် လူစားတွေထဲမှာဆိုရင် သူက 'အတ္တ မဟာ သွားရည်စည်သူ' ဘွဲ့ထူးကြီးတောင် ပေးသင့်တာမို့ အတ္တမဟာ သွားရည်စည်သူ ဦးခင်ငွေ (အဲအဲ ... ယောင်လို့)

အတ္တမဟာ သွားရည်စည်သူ ဦးငွေခင်လို့ ဘွဲ့ထူးဂုဏ်ထူးနဲ့ ဂုဏ်ပြု လိုက်ချင်ပါတယ် အပူခံ အမတ်မင်းခင်ဗျား။

အရှမ်းသန်းညွန့်